**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသောသဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၃၉)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၂၃ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် အထင်ကရနေရာများအား သွားရောက်ဖူးမြော်လေ့လာ

နေပြည်တော် မတ် ၂၂

(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် အဖွဲ့ ၃ ဖွဲ့ခွဲ၍ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ သွားရောက်ဖူးမြော်ကြည်ညိုကြစဉ်။

အဆိုပါ (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ ဘုရားဖူးလာ စစ်ရေးပြစစ်ကြောင်းများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး **စာမျက်နှာ ၁၆ ကော်လံ ၁** ■

## အပတ်စဉ်ဗုဒ္ဓဟူးနေ့အား အစိုးရရုံးဌာနများ၏ ရုံးလုပ်ငန်းများကို နေအိမ်မှသာ ဆောင်ရွက်ကြရန်သတ်မှတ်ကြေညာ

နေပြည်တော် မတ် ၂၂

၁။ အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ဖြစ်ပေါ်လာနိုင်သည့် စက်သုံးဆီရှားပါးမှုကို ကြိုတင်ကာကွယ်ရန်ရည်ရွယ်၍ စုံ၊ မ ယာဉ်သုံးစွဲသည့်စနစ်နှင့် စက်သုံးဆီဝယ်ယူသည့်စနစ်တို့ကို သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုသို့သတ်မှတ်ကြေညာခဲ့သည့်နည်းတူ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စက်သုံးဆီတင်သွင်းရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် လုံလောက်သောစက်သုံးဆီအရန်ရှိသော်လည်း အနာဂတ်တွင်ဖြစ်လာနိုင်သောစွမ်းအင်ဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စက်သုံးဆီသုံးစွဲမှုကိုချွေတာလျှော့ချရန်ရည်ရွယ်ကာ အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများသည် သက်ဆိုင်ရာရုံးဌာနများသို့ သွားရောက်ခြင်းမပြုဘဲ မိမိနေထိုင်ရာနေအိမ်၊ အဆောင်များတွင်သာ ရုံးလုပ်ငန်းဆောင်ရွက်ခြင်းအား ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစတင်ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်သွားကြရန် သတ်မှတ်ကြေညာလိုက်ပါသည်။ ထိုသို့သတ်မှတ်ကြေညာခြင်းသည် စက်သုံးဆီချွေတာရန်ဖြစ်သည့်အားလျော်စွာ အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများအနေဖြင့် အဆိုပါရက်တွင် တာဝန်မှအပ ခရီးသွားလာမှုမပြုရန်နှင့် ယာဉ်သုံးစွဲမှုမပြုကြရန်ဖြစ်ပါသည်။

၂။ ပုဂ္ဂလိက အလုပ်ဌာနများအနေဖြင့်လည်း အစိုးရရုံးဌာနများနည်းတူ (work from home) ကဲ့သို့ လုပ်ဆောင်မှုမျိုးဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်သွားကြရန်ဖြစ်ပါသည်။

၃။ ဤကြေညာချက်သည် နောက်ထပ်ကြေညာချက် တစ်စုံတစ်ရာမထုတ်ပြန်သရွေ့ အတည်ဖြစ်သည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ


**ဆောင်းပါး**

ပြည်သူနှင့်တစ်သားတည်းတည်ရှိနေသော တပ်မတော် — စာ - ၁၁ သို့

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်တာခရီး မြစ်တစ်စင်းမှစီးဆင်းဖန်တီးမည့် တောက်ပသောအနာဂတ်သို့ — စာ - ၁၃ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၂၃ ရက်)

# မီးဘေးရှောင် မလောင်ခင်တားနိုင်ကြပါစေ

နွေရာသီသို့ရောက်ရှိလာသည်နှင့်အတူ မီးလောင်မှုဖြစ်ရပ်ဆိုးများသည်လည်း ပေါ်ပေါက်လာသည်။ မီးလောင်မှုသည်ရာသီအချိန်မရွေးဖြစ်နိုင်သော်လည်း ပူပြင်းခြောက်သွေ့သောရာသီတွင် ဖြစ်ပွားမှုပိုမိုများပြားသည်။ လူတိုင်းကမီးဘေးအန္တရာယ်ကို အထူးသတိပြုရမည့်အချိန်အခါလည်းဖြစ်သည်။ မီးဘေးအန္တရာယ်သည် လူသားတို့၏အသက်အိုးအိမ်စည်းစိမ်အားလုံးကို အချိန်မိနစ်အနည်းငယ်အတွင်း ဆုံးရှုံးစေနိုင်သည်။ မီးနှင့်ပတ်သက်လာလျှင် သုံးစွဲသူတိုင်းအနေဖြင့် အမြဲတမ်းအသိတရားနှင့်သတိထားကြရမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှမတ်လ ၂၂ ရက်အထိ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မီးလောင်မှုစုစုပေါင်း ၁၉၆ ကြိမ်ဖြစ်ပွားခဲ့ရာ မီးဖိုမီး ၂၈ ကြိမ်၊ ပေါ့ဆမီး ၆၅ ကြိမ်၊ အလိုအလျောက်မီး ၄ ကြိမ်၊ လျှပ်စစ်မီး ၇၅ ကြိမ်၊ မသမာသူရှို့မီး ၅ ကြိမ်၊ တောမီး ၁၆ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၃ ကြိမ်ရှိခဲ့သည်။ သို့ဖြစ်ရာ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းများတွင် လျှပ်စစ်နှင့်ပတ်သက်၍ လောင်ကျွမ်းသည့်မီးမှာ အကြိမ်ရေအများဆုံးဖြစ်ကြောင်းသိရှိရသည်။

မြို့ပြနှင့်ကျေးလက်ဒေသများတွင်လူဦးရေတိုးတက်များပြားလာခြင်းကြောင့် တစ်အိမ်နှင့်တစ်အိမ်နီးကပ်စွာဆောက်လုပ်မှုများလာသည်။ တချို့ဒေသများတွင် မီးဘေးအန္တရာယ်ကြုံလာပါက မီးသတ်ကားဝင်ရောက်ရန်ပင် အခက်အခဲရှိသည်။ မီးဆိုသည်မှာသုံးတတ်လျှင် ကောင်းကျိုးပြုသကဲ့သို့ မသုံးတတ်လျှင် ဆိုးကျိုးချက်ချင်းဖြစ်နိုင်သည်။ နေရာဒေသတိုင်းတွင် လူဦးရေတိုးတက်များပြားလာခြင်း၊ နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ စီးပွားရေးပိုမိုမြင့်မားလာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများလာသည်။

လျှပ်စစ်မီးလောင်ရသည့် အကြောင်းရင်းများတွင် ဝိုင်ယာရှော့ (Short Circuit) ဖြစ်ခြင်းကြောင့်ဖြစ်သည်ကို မကြာခဏတွေ့ရသည်။ လျှပ်ကာများပေါက်ပြဲပျက်စီးနေသည့် ဝိုင်ယာကြိုးနှစ်ခုထိတွေ့ရာမှ မီးပွားများထွက်ပြီး မီးစွဲလောင်ခြင်းကို ဝိုင်ယာရှော့ဟုဆိုခြင်းဖြစ်သည်။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများအရည်အသွေးညံ့ခြင်း၊ ဟောင်းနွမ်းနေခြင်း၊ ပလတ်ခေါင်းများချောင်နေခြင်း စသည့်အကြောင်းများကြောင့်လည်း အပူချိန်မြင့်တက်လာပြီး မီးလောင်နိုင်သည်။

မီးကြိုးတစ်ချောင်းတည်းတွင် လျှပ်စစ်ပစ္စည်းများစွာကို တစ်ပြိုင်တည်းသုံးစွဲခြင်းကြောင့် ဝန်အားများခြင်းဖြစ်ပြီး မီးလောင်စေနိုင်သည်။ အရည်အသွေးနိမ့်သောလျှပ်စစ်ပစ္စည်းများကိုအသုံးပြုပါက လျှပ်စစ်မီးလောင်ကျွမ်းမှုကိုဖြစ်စေနိုင်သည်။ ဝိုင်ယာရှော့မှ မီးမလောင်စေရန်အတွက် အိမ်တွင်း၊ ဆိုင်တွင်းဝိုင်ယာသွယ်တန်းရာတွင် သတ်မှတ်စံချိန်စံညွှန်းမီသော ဝိုင်ယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများကို မှန်ကန်စွာသုံးစွဲကြရန်လိုသည်။ ဝိုင်ယာရှော့ဖြစ်လျှင် အလိုအလျောက်မီးဖြတ်ပေးသည့် Circuit Breaker (CB) များ တပ်ဆင်ထားကြရန်နှင့် လျှပ်စစ်ယိုစိမ့်မှုဖြစ်လျှင် မီးဖြတ်ပေးနိုင်သည့် Earth Leakage Circuit Breaker (ELCB) တပ်ဆင်ရန်လည်း လိုအပ်မည်ဖြစ်သည်။

အထူးသဖြင့်အိမ်များ၊ ဆိုင်ခန်းများတွင် သွယ်တန်းထားသည့် မီးကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ဟောင်းနွမ်းပြီးပေါက်ပြဲပျက်စီးနေခြင်းများကိုစစ်ဆေးပြီး အချိန်မီလဲလှယ်ရမည်ဖြစ်သည်။ အိမ်တွင်းလျှပ်စစ်သွယ်တန်းမှုများကို ကျွမ်းကျင်သူနှင့် ပုံမှန်စစ်ဆေးရန်လည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် မီးပျက်ချိန်နှင့် မလိုအပ်သည့်အချိန်၊ အိမ်ပြင်သို့ထွက်သည့်အချိန်၊ အနားယူအိပ်စက်ချိန် စသည်တို့တွင် သုံးလက်စလျှပ်စစ်ပစ္စည်းများကို မပျက်မကွက်ပိတ်ထားကြရမည်ဖြစ်သည်။

မီးဘေးအန္တရာယ်မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ရေးအစီအမံများပြုလုပ်၍ လိုက်နာဆောင်ရွက်ကြခြင်းအားဖြင့် မီးလောင်မှုကိုရှောင်ကြဉ်နိုင်သည်။ လျှပ်စစ်မီးမျှသာမဟုတ်၊ အခြားသော မီးဖိုမီး၊ ပေါ့ဆမီး စသည်တို့မှာလည်း မီးသုံးစွဲသူတို့ပေါ့ဆမှုများကြောင့်သာလျှင်ဖြစ်ရာ မီးကိုတစ်နည်းနည်းဖြင့် အသုံးပြုကြသူတိုင်းက သုံးစွဲသည့်အခါတိုင်းတွင် ဂရုတစိုက်သုံးစွဲကြရန်၊ မီးဘေးကာကွယ်ရေးအသိရှိကြရန်လိုသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း နေရာဒေသတိုင်းတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ မိမိတို့နေရာဒေသတွင် မီးလောင်ခံရသည့်အခါ မိမိတို့ပိုင်ဆိုင်သည့် အိုးအိမ်စည်းစိမ်ဥစ္စာဆုံးရှုံးရပြီး နိမ့်ကျသည့်ဘဝအခြေအနေသို့ တစ်ခဏအတွင်းရောက်ရှိသွားသည့် သာဓကများစွာရှိနေရာ မီးကိုမပေါ့မဆအသုံးပြုကြရေးနှင့် မီးဘေးရှောင်မလောင်ခင်တားဆိုသည့်စကားအတိုင်း မမေ့မလျော့ မပေါ့ဆဘဲ မီးကိုဂရုတစိုက်အသုံးပြုကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

( က ) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

( ဃ ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သိန်းခွဲကျော်တင်ပို့ထား



ရန်ကုန် မတ် ၂၂

ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သိန်းခွဲကျော် တင်ပို့ထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

ထိုသို့တင်ပို့ရာတွင် ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၆ ခုနှစ် မတ်လ ၁၀ ရက်အထိ ဆန်နှင့်ဆန်ကွဲ တန်ချိန်နှစ်သိန်းခွဲကျော် တင်ပို့ခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်ကနေ ၂၀၂၆ ခုနှစ် မတ်လ ၁၀ ရက်အထိ ဆန်နဲ့ဆန်ကွဲ တန်ချိန် နှစ်သိန်းခွဲကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီဘဏ္ဍာနှစ်ကုန်(မတ်လကုန်) မတိုင်မီ တတ်နိုင်သမျှ ပို့ကုန်မြှင့်တင်နိုင်ဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေ အထူးဦးစားပေးဆောင်ရွက်နေပါတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှပါ တင်ပို့ခဲ့ခြင်းဖြစ်သည်။

ထိုသို့တင်ပို့ရာတွင် ပုဂ္ဂလိကကုမ္ပဏီပေါင်း ၄၀ ကျော်မှ တင်ပို့နေခြင်းဖြစ်ကာ ဆန်ကို တရုတ်၊ ဖိလစ်ပိုင်၊ စပိန်၊ ပိုလန် အပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်သို့ တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

**ဝါဝါ**

# ကျုံပျော်မြို့နယ်၌ ထောပတ်ပဲနီများ အရောင်းအဝယ် ကောင်းမွန်နေ

ကျုံပျော် မတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်၌ ထောပတ်ပဲနီများ ဝယ်လိုအား ကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်မှ ပဲအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ယုဝေ၏ ပြောပြချက်အရ သိရသည်။

''လက်ရှိ ဒေသဈေးကွက်မှာ တခြားပဲတွေထက် ထောပတ်ပဲနီဝယ်လိုအားကောင်းလာပါတယ်။ ပြည်တွင်းဈေးကွက်မှာ ထောပတ်ပဲနီတွေ ဝယ်လိုအားကောင်းပြီး အရောင်းသွက်လာပါတယ်။ ပြည်ပပဲဈေးကွက်ကိုလည်း ပြန်တင်ပို့နေလို့ အခုလို ဝယ်လိုအားကောင်းလာတာပါ။ အခုရက်ပိုင်းအတွင်း ထောပတ်ပဲနီက ဈေးနည်းနည်းထပ်တက်လာပါတယ်။ လက်ရှိ ထောပတ်ပဲနီစိုက်ပျိုးသူတွေနဲ့ သိုလှောင်ထားတဲ့ကုန်သည်တွေ ရောင်းအားကောင်းနေတဲ့အခြေအနေမှာရှိနေပါတယ်။ ထောပတ်ပဲနီက လာမယ့်ပဲပေါ်တဲ့ရာသီအထိ အရောင်းအဝယ်ဆက်ကောင်းနေဖို့ပဲရှိပါတယ်'' ဟု ဒေါ်ယုဝေကပြောသည်။

ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်၌ မတ်လဒုတိယပတ်မှစ၍ ထောပတ်ပဲနီများ ဝယ်လိုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ တစ်ရက်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၁၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ထိုသို့ ထောပတ်ပဲနီများ ဝယ်လိုအားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်၌ ဝယ်လိုအားများလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။**သုတကျော်**

# တောင်ကြီးမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၄၀၀၀ ကျော်စိုက်ပျိုးထားပြီး ဧက ၃၀၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်

တောင်ကြီး မတ် ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၄၀၀၀ ကျော်စိုက်ပျိုးထားပြီး ဧက ၃၀၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်ရာ ၇၅ ရာခိုင်နှုန်းရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့်နှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီက တောင်ကြီးမြို့နယ်၌ နေကြာဧက ၃၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ဧက ၄၀၀၀ ကျော် စိုက်ပျိုးနိုင်၍ ယခုနှစ်တွင် ဧက ၁၀၀၀ ခန့် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထွက်ရှိလာသော နေကြာများကို ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် အဓိကထားဆောင်ရွက်မည်ဖြစ်ပြီး ပိုလျှံသောစားသုံးဆီများကို အနီးဝန်းကျင်ဒေသများသို့ တင်ပို့ရောင်းချရန် စီစဉ်ထားကြောင်း သိရသည်။

"တောင်ကြီးမြို့နယ်အတွင်း ဒီနှစ်မှာ နေကြာ ဧက ၄၄၀၀ လောက် စိုက်ပျိုးထားပြီး လက်ရှိမှာ ဧက ၃၀၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်တဲ့အတွက် ၇၅ ရာခိုင်နှုန်းလောက် ရိတ်သိမ်းပြီးစီးပါပြီ။ အရင်နှစ်က တောင်ကြီးမြို့နယ်မှာ ဆောင်းနေကြာဧက ၃၀၀၀ ကျော် စိုက်ပျိုးခဲ့တဲ့အတွက် ဒီနှစ်မှာ ဧက ၁၀၀၀ လောက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်" ဟု တောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ကျော်ကပြောသည်။

တောင်ကြီးမြို့နယ်၌ ဆောင်းနေကြာစိုက်ပျိုးရာတွင် မိုးသီးနှံများဖြစ်သော အစေ့ထုတ်ပြောင်းနှင့် ယာစပါးများ စိုက်ပျိုးပြီးသောမြေနေရာများ၌ သီးထပ်အနေဖြင့် စိုက်ပျိုးခြင်းဖြစ်သည့်အတွက် တောင်သူများအနေဖြင့် ပထမစိုက်ပျိုးခဲ့သော မိုးသီးနှံများမှ ဝင်ငွေရရှိသကဲ့သို့ သီးထပ်စိုက်ပျိုးသည့် ဆောင်းနေကြာမှလည်း ဝင်ငွေရရှိသောကြောင့် ဝင်ငွေနှစ်မျိုးရရှိကြကြောင်း သိရသည်။

ထို့ပြင် နေကြာတစ်ဧကလျှင် အနည်းဆုံးဆီပိဿာ ၁၀၀ ဝန်းကျင်ရရှိနိုင်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိသည့်အပြင် ဒေသတွင်းစားသုံးဆီလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

# မြို့သစ်မြို့နယ်၌ ငလျင်ဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းဆောင်ရွက်



မြို့သစ် မတ် ၂၂

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရမည့်အချက်များကို ပြည်သူများသိရှိစေရန် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ငလျင်ဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မတ်လ ၂၂ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် လူစည်ကားရာနေရာများသို့ လှည့်လည်ကာ အသံချဲ့စက်ဖြင့် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်သည့် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ငလျင်လှုပ်နေစဉ် သတိပြုလိုက်နာရမည့်အချက်များ၊ ငလျင်လှုပ်နေစဉ် ရှောင်ရှားရမည့်အချက်များ၊ ငလျင်လှုပ်ပြီးနောက် သတိပြုဆောင်ရွက်ရမည့်အချက်များ၊ ငလျင်လှုပ်ပြီးနောက် သတိပြုရှောင်ရှားသင့်သည့် အချက်များနှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ အကူအညီတောင်းခံနိုင်သည့် Hot-Line ဖုန်းနံပါတ်များကို အသိပညာပေးနှိုးဆော်ပြီး ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာများပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**



# အရိပ်

မစန္ဒာ



**ယမန်နေ့မှအဆက်**

'ဘာမှမဝယ်တော့ဘူးလားဟင်'

မိမိလေးကမေးသောအခါ သူသည် ပြုံးရယ်လိုက်သည်။ ထို့နောက် တစ်ကျပ်တန်ဆပ်ပြာခွက်လေးကို ကောက်ယူကာ ငွေအစိတ်ထုတ်ပေးလေသည်။

'ပြန်မအမ်းပါနဲ့ဗျာ၊ အလှူငွေပဲထားလိုက်ပါ'

'ကိုအောင်က ရက်ရောလှချည်လား'

မိမိလေးက ငွေအစိတ်ကိုမြှောက်ပြကာ ဝမ်းသာအားရအော်လိုက်စဉ် စုလှိုင်က တိုးတိုးလေးပြောသည်။ ထိုစဉ် သူသည် စုလှိုင်၏လက်ကိုဆွဲကာ လူကြားထဲသို့ပြန်တိုးသွားသည်။

'သာဓု၊ သာဓု၊ ဤသို့ပြုရ ကုသလကြောင့် များလှထိုထို ယောကျ်ားပျိုတို့အထဲမှ ကံထူးသူအသင်သတို့သားသည် အနားတွင်ရှိ၊ နတ်မယ်တမိအား၊ လက်ဝယ်ပိုင်ပိုင်၊ အနိုင်ရနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါကြောင်း ဟောင်းဟောင်း ဒူဝေဝေ ဝေ'

ကျောင်းသားတစ်ဦးက အသံပြဲအသံကွဲကြီးဖြင့် ထအော်လေသည်။ သူတို့နှစ်ဦးကို ရက်သွေးဖြန်းသွားအောင်ပြုလုပ်ခြင်းဖြစ်သော်လည်း သူတို့က အရေးမစိုက်လှချေ။

အမာညိုသည် လူအုပ်ကြားထဲ တိုးဝင်ပျောက်ကွယ်သွားသောစုလှိုင်ကို ငေးကြည့်နေမိရင်းမှ ကိုကို့အား သတိရနေသည်။ စုလှိုင်၏ဘေးမှယောကျ်ားပျိုကိုတွေ့လျှင် ကိုကိုသည် မလိုတမာစိတ်များဖြစ်ပေါ်လာဦးမည်လားဟု စဉ်းစားနေမိသည်။ ကိုကို့ဆီမှ စာတစ်စောင်ထဲတွင်မူ 'စုလှိုင်ကိုသနားတယ်' ဟု ပါဖူးလေသည်။ 'သူ့ရဲ့စိတ်ကို သူအမြဲညှဉ်းဆဲနေတယ်၊ သူဟာ သံသယအကျဉ်းထောင်ထဲက လူသားတစ်ယောက်' ဟု ဆက်၍ ရေးခဲ့သေးသည်။ တစ်ခါတစ်ရံတော့ အမာညိုတွေးတော၍ ဒေါသဖြစ်မိသည်။ သူတို့မောင်နှမသုံးယောက်စလုံးသာမက သက်သက်ကပါ စုလှိုင်၏အကြောင်းကို မကြာခဏတွေးတောမိ၊ စဉ်းစားမိ၊ ပြောမိကြသော်လည်း စုလှိုင်ကမူ သူတို့ကိုဖုတ်လေသည့်ငါးပိ ရှိသည်ဟုပင်ထင်မှတ်ပုံမရသောကြောင့်ဖြစ်သည်။ ရှင်းရှင်းပြောရလျှင် အမာညိုသည် စုလှိုင်ကို ခါးခါးသီးသီးမမုန်းသော်လည်း စိတ်ထဲတွင်တော့ အတော်လေးအချဉ်ပေါက်သည်။ သူ့အစ်ကိုနှင့်သူ့မောင်က စိတ်ဝင်စားလှသောကြောင့်လည်း ပိုပြီးမကျေမနပ်ဖြစ်ရလေသည်။

'ကဲ မိမာညို၊ နင် ရဟတ်သွားမစီးတော့ဘူးလား၊ လက်မှတ်တွေ အဆုံးခံမှာလား'

'အင်း ဆုံးချင်ဆုံးပါစေတော့၊ ငါမသွားချင်ဘူး မိမိလေးရာ၊ ဒီလောက်လူတွေကျပ်နေတာ၊ တော်ကြာ ငါ့ဗိုက်ကိုလူတိုးမိမှာစိုးတယ်'

အမာညိုက တိုးတိုးလေးပြောသောအခါ မိမိလေးသည် မျက်လုံးပြူးသွားသည်။ အမာညို၏ဝမ်းဗိုက်ကို နားမလည်သလို ငုံ့ကြည့်လေသည်။

'ငါ နောက်ထပ်နှစ်လရှိနေပြီ မိလေးရဲ့၊ ဒီတစ်ခါ တစ်ခုခုဖြစ်ရင် ငါ့ကို အကုန်ဝိုင်းဆဲမှာ၊ ငါလေ ဗိုင်းကောင်းကျောက်ဖိ၊ ပိပိပြားပြားလေးပဲနေတော့မယ်လို့'

'အောင်မာ ခွေးမ'

မျက်နှာငယ်လေးနှင့်ပြောသော အမာညိုအားကြည့်ရင်း မိမိလေးက ဟားခနဲရယ်လိုက်မိသည်။

'ဒီလိုဆို နင် ဟိုအင်္ကျီလေးဝတ်ရတော့မှာပေါ့လေ၊ ဟိ ဟိ ရယ်စရာကြီး'

'ဒါ ရယ်စရာလား'

အမာညို၏မျက်နှာလေးသည် ရဲခနဲဖြစ်သွားသော်လည်း မရှက်ချင်ဟန်ဆောင်၍ ခပ်တည်တည်လုပ်နေသည်။ 'ဟ တစ်ယောက်ပြီးတစ်ယောက် မြန်လှချည်လားဟ မိမာညို' ဟု ပြောင်စပ်စပ်နှင့် ဆက်၍ပြောလာမည်ကို ကြောက်သောကြောင့် မျက်နှာထားကို ဖွတ်ကြီးတင်းထားလေသည်။

'နင့်ဗိုက်ကို ဘယ်သူက ဘာလုပ်မှာမို့လဲဟယ်၊ လက်မှတ်တွေနှမြောစရာ'

'ငါက ငါ့ဗိုက်ကိုအထိတောင်မခံနိုင်ဘူး မိလေးရဲ့'

'ဒီလိုဆို နင် ပေါက်ကျိုင်းနဲ့အတူတူမအိပ်နဲ့ပေါ့'

'ဘာလို့လဲ'

'သူကတော့ နင့်ကို မထိဘဲနေမှာမို့လား'

'ကဲဟာ ခွေးမ၊ ညစ်စုတ်ဦး'

အမာညိုသည် မိမိလေး၏လက်မောင်းကို တအားလိမ်ဆွဲလိုက်သည်။ လိမ်ဆွဲရုံနှင့်အားမရ၍ တစ်ခါကျောကိုထုပြန်သည်။ မိမိလေးခမျာ ခြေကားရားလက်ကားရားနှင့် အမလေးဘလေး တသွားလေသည်။

'ငါက ရိုးရိုးပြောတာ၊ အတူတူယှဉ်အိပ်နေတာကန်မိကျောက်မိ ထိမိတာပေါ့၊ အဲဒါကို ဘာလို့နင်က ငါ့ကိုထုရတာလဲ၊ နင့်ဟာနင် အဓိပ္ပာယ်တွေလျှောက်တွေးနေတာကိုး'

နဂိုက အသားညိုသူဖြစ်သော်လည်း မိမိလေး၏လက်မောင်းသည် နီရဲသွားသည်။ သူ့လက်မောင်းကို သူ စုတ်တသပ်သပ်နှင့်ပွတ်သပ်ရင်း မကျေမနပ်ဖြစ်နေသည်။ အမာညိုသည် မိမိလေးကို အားနာသနားသွားသော်လည်း ပြန်မချော့ချင်သည့်အတွက် မသိချင်ဟန်ဆောင်နေလိုက်သည်။

ထိုစဉ် သက်သက်တို့ရောက်လာကြသည်။ ဆိုင်ရှေ့တွင်မရပ်ဘဲ ဆိုင်ဘေးမှကွေ့ကာ အမာညိုထိုင်နေရာသို့ ကျော်ခွပြီးရောက်လာလေသည်။ သက်သက်၏ဘေးတွင် ဦးစိတ်တို၊ နန်းမိုးအေးနှင့် အမာညိုနှင့်ကောင်းစွာမရင်းနှီးသေးသော မိန်းကလေးနှစ်ဦးလည်းပါလေသည်။

'သူနာပြုတပ်ဖွဲ့ လာပါပြီဗျို့'

ပေါက်ကျိုင်းက အော်ပြောသည်။ မိမိလေးကို ပြန်မချော့ချင်ဘဲ စိတ်အိုက်နေသော အမာညိုသည် အတော်ဝမ်းသာသွားသည်။

'ဒီမှာကြည့်ပါဦး သက်သက်ရယ်၊ ဒို့လက်မောင်းမှာ နီရဲပြီး အတွင်းကြေကြေသွားပြီ၊ ဒီမိန်းမလက်ချက်၊ အဲဒီမျောက်လောင်းမလက်ချက်'

မိမိလေးက သူ့လက်မောင်းကိုထိုးပြပြီး ဆီးတိုင်နေလေသည်။ သက်သက်က သူ့ပိုက်ဆံအိတ်ထဲတွင် ထာဝစဉ်ထည့်ထားလေ့ရှိသော ပရုတ်ဆီဘူးလေးကိုထုတ်ပြီး လိမ်းပေးသောအခါမှပင် ငြိမ်တော့သည်။

'အမာညို ဒီနားမှာ အိမ်သာမရှိဘူးလား'

'ဟင့်အင်း ရှိဘူးဟ၊ အိမ်သာက ကျောင်းဆောင်တွေထဲမှာ အဝေးကြီး'

'ခက်တာပဲ ငါတို့တွေ စားသောက်တာတွေများတော့ ဆီးသွားချင်နေပြီ၊ ခုနတုန်းက ညီလင်းကို ရေခဲမုန့်ဆိုင်မှာတွေ့လို့ မေးကြည့်သေးတယ်၊ သူက လမ်းဘေးထိုင်ပေါက်လိုက်ပေါ့တဲ့'

'အဲဒါမှ ဒုက္ခ'

'အေး၊ ဒုက္ခပဲ၊ အဆောင်ထိပြန်ရောက်အောင်ခံဖို့ မလွယ်ဘူး၊ ခါတိုင်း နင်တို့ဘယ်လိုသွားလဲ'

'မနေ့တုန်းကတော့ ဒီနောက်က ဆရာအိမ်မှာ ခွင့်တောင်းပြီး ဝင်သွားကြတယ်၊ ဒါပေမဲ့ တစ်ယောက်ပြီးတစ်ယောက်ဆိုတော့ များလာတော့ အားနာစရာကောင်းလာတယ်၊ ဒီနေ့တော့ ငါတို့လိုဒုက္ခသည်တွေကို ခဏခဏတံခါးဖွင့်ပေးနေရတာ စိတ်ညစ်လို့ထင်တယ်၊ တွေ့လား၊ တံခါးပိတ်ပြီး မီးမှိတ်ထားပြီ'

သက်သက်၏မျက်နှာလေးသည် ရှုံ့သွားသည်။ သူ့ဘေးမှ ဦးစိတ်တို၏မျက်နှာလေးသည်လည်း မဲ့သွားသည်။ အမာညိုက သူတို့ကိုကြည့်ကာ ဟက်ခနဲရယ်လေသည်။

'မိသက် နင် ကိုကို့ကို သတိရမနေဘူးလား'

'ဘာဆိုင်လို့လဲ'

'ငါတွေးမိလို့ပါ၊ ရှုရှုတွေ၊ အီအီးတွေက ထွက်ချင်ပြီဆို အောင့်မရသလိုဘဲ ချစ်တဲ့စိတ်ဆိုတာလည်း ချစ်ချင်ပြီဆိုရင် အောင့်မရဘူးတဲ့၊ နင်လည်း အခုလိုပဲ မအောင့်နိုင်လို့ ကိုကို့ကိုချစ်ခဲ့တာမဟုတ်လား'

'ဘာဆိုင်လို့လဲ မိညိုရယ် ပေါက်တတ်ကရ'

သူတို့မိန်းကလေးတစ်သိုက် တကျိတ်ကျိတ်ဖြစ်နေကြစဉ် ပေါက်ကျိုင်းသည် သူတို့ဘေးသို့ရောက်လာသည်။ တံခါးပိတ်မီးမှိတ်ထားသောအိမ်ကို ဖွင့်ခိုင်းရန်လည်းအားနာ၊ အန္တရာယ်မို့လည်း လွယ်မထားနိုင်သောကြောင့် ခြံထဲဝင်ပြီး မှောင်ရိပ်ခိုရန် အားလုံးသဘောတူပင် ဆုံးဖြတ်ကြသည်။ မိန်းကလေးတစ်သိုက်ကြားထဲတွင် ပေါက်ကျိုင်းသည် ကံဆိုးလှစွာနှင့် ကန့်လန့်ကန့်လန့်ပါလာပြီး ခြံဝတွင် မယောင်မလည် ရပ်ရင်း အစောင့်လုပ်ရရှာလေသည်။

ဆက်လက်ဖော်ပြပါမည်။

## အိမ်မဲမြို့နယ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

အိမ်မဲ မတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး (ပုသိမ်)မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ်လ ၂၁ ရက်က ကျင်းပသည်။



ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဒေါက်တာမန်းမောင်မောင်စိုးတို့က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြို့နယ်ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းတို့ကို ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံး (ပုသိမ်)မှ တာဝန်ရှိသူတစ်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**

## မြဝတီမြို့နယ်၌ သောက်သုံးရေသုံးစွဲနေမှုအခြေအနေများနှင့် စက်ရေတွင်းများ ကြံ့ခိုင်မှုရှိ/မရှိ ကွင်းဆင်းစစ်ဆေး

မြဝတီ မတ် ၂၂

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြဝတီမြို့နယ် ချောင်းဆုံကျေးရွာ၌ ကျေးရွာနေပြည်သူများ သောက်သုံးရေသုံးစွဲနေမှုအခြေအနေများနှင့် စက်ရေတွင်းများကြံ့ခိုင်မှုရှိ/မရှိကို မတ်လ ၂၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကပေါ်ထူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက ကျေးရွာရေပေးဝေရေးကော်မတီဝင်များနှင့်အတူ ချောင်းဆုံကျေးရွာ၌ သောက်သုံးရေသုံးစွဲနေမှုအခြေအနေများနှင့် စက်ရေတွင်းများ ကြံ့ခိုင်မှု ရှိ/မရှိကို ကြည့်ရှုစစ်ဆေးကာ လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်ပြောကြားသည်။

ချောင်းဆုံကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိစေရန် အကျယ် ၄ လက်မ၊ အနက် ပေ ၂၀၀ စက်ရေတွင်းတစ်တွင်း၊ ဂါလန် ၅၀၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းကို၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်က ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဘိုဘို**

## စည်းကမ်းကိုအခြေပြုဖွဲ့စည်းထားတဲ့တပ်မတော်

ဒို့တပ်မတော်ဟာ စည်းကမ်းကိုအခြေပြုပြီး ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းဖြစ်တာကြောင့် တစ်ဦးချင်းကိုယ်စီ စည်းကမ်းလိုက်နာမှုဟာ အရေးကြီးတယ်။ ဒို့တပ်မတော် ဒီနေ့အချိန်အထိ မယိမ်းမယိုင်ရပ်တည်နိုင်ခြင်းဟာ စစ်စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတွေကြောင့်ဖြစ်တယ်။

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားၲ ပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)

၂၇.၃.၂၀၂၅



## ပေါင်မြို့နယ်၌ နွေစပါး ၂၃၀၉၈ ဧက စိုက်ပျိုးပြီးစီး

ပေါင် မတ် ၂၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မတ်လ ၂၂ ရက်တွင် နွေစပါး ၂၃၀၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

နွေသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန်နှင့်ဒေသတွင်း ဆန်ဖူလုံပိုလျှံစေရေးအတွက် နွေစပါးစိုက်ပျိုးခြင်းဖြစ်ပြီး ဆည်ရေ၊ သဘာဝရေ၊ ချောင်းပိတ်၊ မြောင်းပိတ်၍ ရေစုပ်စက်စနစ်တို့ဖြင့် စိုက်ပျိုးရေကို အသုံးချကာ စိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။

ပေါင်မြို့နယ်သည် နွေစပါးစိုက်ပျိုးရာ၌အောင်မြင်ဖြစ်ထွန်းမှုရှိသောကြောင့် နှစ်စဉ်နွေသီးနှံစိုက်ပျိုးရာသီတွင် တောင်သူအများစုက နွေစပါးကိုအားထားစိုက်ပျိုးကြကြောင်း၊ ဒေသခံတောင်သူများကိုလည်း နွေစပါးစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်စေရေးအတွက် စိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးအတွက် နယ်မြေအလိုက် တာဝန်ပေးထားသည့် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသော နွေစပါးမျိုးများမှာ အောင်နိုင်တိုး၊ မော်ဘီ-၃၊ ရွှေသွယ်ရင်၊ ရေဆင်းပေါ်ဆန်း(၁၂)၊ ဆင်းသုခနှင့် ရတနာတိုးစပါးမျိုးတို့ဖြစ်ကြသည်။

ဒေသခံတောင်သူများ နွေစပါးအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ကတိုက်ဆည်မှ ဆည်ရေများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း သထုံခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**မွန်မလေး(ပြန်/ဆက်)**





## နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ တွေ့ဆုံဆွေးနွေး

ညောင်ရွှေ မတ် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မတ်လ ၂၁ ရက်တွင် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှညွှန်ကြားရေးမှူး ဦးမင်းသိန်းက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ တောမီးနှင့်အခြားမီးလောင်ကျွမ်းမှုများကြောင့် မီးခိုးမြူငွေ့များဖြစ်ပေါ်လာသဖြင့် လေထုညစ်ညမ်းမှု ဆိုးရွားစွာဖြစ်ပေါ်လာခြင်းကို ထိန်းချုပ်လျှော့ချနိုင်စေရေးအတွက် ကြိုတင်ကာကွယ်ရန်နှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များအား အသေးစိတ်ရှင်းလင်းပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အခမ်းအနားသို့တက်ရောက်လာကြသူများအား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်းသိရသည်။

(မဝ၃)

## သဇင်(FM)အသံလွှင့်အစီအစဉ် ၂၃-၃-၂၀၂၆(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

ပွင့်ဖြူ မတ် ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်နိုင်ရန်အတွက် မတ်လ ၂၁ ရက် နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များသို့သွားရောက်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမင်းနိုင်နှင့် လျှပ်စစ်ဝန်ထမ်းများက မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်နှင့် အလယ်ပိုင်းရပ်ကွက်သို့သွားရောက်၍ ပြည်သူများနှင့်တွေ့ဆုံကာ ပူပြင်းခြောက်သွေ့သောကာလသို့ရောက်ရှိလာပြီဖြစ်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ မီးလောင်မှု/ မီးလန့်မှုများ မဖြစ်ပေါ်စေရေး ဂရုပြုဆောင်ရွက်ရမည့် မီးဘေးလုံခြုံရေးဆိုင်ရာများကို အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် နေအိမ်အဆောက်အအုံများတွင် တပ်ဆင်ထားသော လျှပ်စစ်မိန်းခုံများနှင့် လျှပ်စစ်ဝိုင်ယာကြိုးများ အရည်အသွေးကောင်းမွန်မှု ရှိ၊ မရှိ လိုက်လံကြည့်ရှုစစ်ဆေးကာ မလိုအပ်ဘဲ လျှပ်စစ်မီးများထွန်းခြင်းမပြုကြရန်၊ လျှပ်စစ်မီးသုံးစွဲပြီးပါက မီးခလုတ်များကိုစနစ်တကျပိတ်ထားရန် အကြံပြုဆွေးနွေးမှာကြားကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# အောင်လံမြို့နယ် ရဲဘော်ဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးပေး

**အောင်လံ မတ် ၂၂**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငမဲကန်ကျေးရွာအုပ်စု ရဲဘော်ဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးပေးခြင်းကို မတ်လ ၂၂ ရက်တွင် အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။


ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုး/အရင်းပေးဆပ်ရန်ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရန် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေ ငွေကျပ် ၄၄ ဒသမ ၁ သန်းကို ရဲဘော်ဟောင်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရဲဘော်ဟောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးအတွက် ငွေကျပ် ၃၀ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၀ ဦးအတွက် ငွေကျပ် ၁၁ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူခြောက်ဦးအတွက် ငွေကျပ် ၂ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးအတွက် ငွေကျပ် ၄၄ ဒသမ ၁ သန်းကို အတိုးနှုန်းသက်သာစွာ တစ်ဦးချင်းလက်ဝယ်အရောက် စနစ်တကျထုတ်ချေးပေးကြသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် ဒသမနှစ်စက်ဝန်းပြည့်မြောက်ပြီဖြစ်ကြောင်းနှင့် စီမံကိန်းလုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

**အိပိုးပိုး**




# နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေခံသင်တန်းဖွင့်ပွဲကျင်းပ



**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း) မြို့နယ် (၂၁)ရပ်ကွက် မြရတနာလမ်းရှိ အမှတ်(၁၂) အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စာရိတ္တမြင့်မားရေးနှင့် ဘာသာရေးအခြေခံ ကောင်းမွန်စေရန်ရည်ရွယ်၍ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေခံသင်တန်းဖွင့်ပွဲကို မတ်လ ၂၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အမှတ်(၁၂) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုကျော်က အဖွင့်အမှာစကားနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားပြီး မြို့နယ်သာသနာနုဂ္ဂဟအသင်းမှ တာဝန်ရှိသူတစ်ဦးက ယဉ်ကျေးလိမ္မာသင်တန်း သင်ကြားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် အလှူရှင်များက ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများလှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားအောင်မြင်စွာပြီးမြောက်ကြောင်းကြေညာပြီး သင်တန်းကို ဆက်လက်သင်ကြားပို့ချကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅၀ ဦးခန့် တက်ရောက်ကြကြောင်း သိရသည်။

**နေမျိုးအောင်(ပြန်/ဆက်)**

# အစေ့ထုတ်ပြောင်းစိုက်ပျိုးမည့် ဧရိယာများအတွင်း တောင်ယာခုတ်ထွင်မီးရှို့ခြင်းမပြုလုပ်ရန်တားမြစ်ထား

**ရန်ကုန် မတ် ၂၂**

မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့မှ အစေ့ထုတ်ပြောင်း(မိုး) စိုက်ပျိုးမည့် ဧရိယာများအတွင်း တောင်ယာခုတ်ထွင်မီးရှို့ခြင်းမပြုလုပ်ရန် တားမြစ်ထားကြောင်း သိရသည်။

"အစေ့ထုတ်ပြောင်းစိုက်ပျိုးမယ့် တောင်သူတွေအနေနဲ့ အစေ့ထုတ်ပြောင်း (မိုး)စိုက်ရာသီမတိုင်မီ စိုက်ပျိုးမယ့် ဧရိယာအတွင်း တောင်ယာခုတ်ထွင်မီးရှို့ခြင်းကို လုံးဝဆောင်ရွက်ခြင်း မပြုဖို့တားမြစ်ပါတယ်"ဟု မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် တောင်ယာခုတ်ထွင်မီးရှို့ခြင်းမပြုလုပ်သောဒေသများမှ စိုက်ပျိုးထွက်ရှိသည့် အစေ့ထုတ်ပြောင်းများကိုသာ ထိုင်းနိုင်ငံမှ တင်သွင်းခွင့်ပြုနေသဖြင့် ယခုကဲ့သို့တားမြစ်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် နယ်စပ်ဖြတ်ကျော်မီးခိုးမြူနှင့် PM2.5 လေထုညစ်ညမ်းခြင်းကိုလျှော့ချနိုင်ရန် တောင်ယာခုတ်ထွင်မီးရှို့ခြင်းမပြုလုပ်သောဒေသများမှ စိုက်ပျိုးထွက်ရှိသည့် အစေ့ထုတ်ပြောင်းများကိုသာ တင်သွင်းခွင့်ပြုနေခြင်းဖြစ်သည်။ သို့ဖြစ်၍ ထိုင်းနိုင်ငံသို့တင်ပို့မည့် အစေ့ထုတ်ပြောင်းများ၏ အရည်အသွေးကို စနစ်တကျစိစစ်ပြီး မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့မှ ထောက်ခံချက်များထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းများ စိုက်ပျိုးထွက်ရှိရာဒေသများတွင် တောင်ယာခုတ်ထွင်မီးရှို့ခြင်း ရှိ/မရှိကို စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသဌာနမှပေးပို့သည့် Fire Hotspot ဖြစ်ပေါ်တွေ့ရှိမှုများကိုအခြေခံ၍ နောက်ကြောင်းပြန်စိစစ်သည့် အစီအစဉ်များဖြင့် စနစ်တကျစိစစ်ပြီးမှသာ ထောက်ခံချက်များ ထုတ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ဖြိုးဖြိုး**

# တံတားမြို့၌ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် တံတားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မတ်လ ၂၁ ရက်က လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။




ရှေးဦးစွာ တံတားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးဖြူလွင်က လက်ရှိ ကမ္ဘာပေါ်၌ ဖြစ်ပေါ်နေသည့် လူကုန်ကူးမှုဆိုင်ရာ ဖြစ်စဉ်များ၊ ရှောင်ရှားရမည့်အချက်များ၊ လူကုန်ကူးခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် လူသားချင်းဆိုင်ရာ ဂုဏ်သိက္ခာကို ထိခိုက်စေသည့်လုပ်ရပ်ဖြစ်ကြောင်းနှင့် လူကုန်ကူးမှု၏အဓိပ္ပာယ်ဖြစ်သော မိမိအကျိုးစီးပွားအတွက် လူသားအချင်းချင်း ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ အလုပ်သမားများအား အတင်းအကျပ်ထိန်းချုပ်ခိုင်းစေခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး နည်းလမ်းများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် လူကုန်ကူးမှုဖြစ်ပွားလာပါက ဆက်သွယ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအကြောင်း ဟောပြောသည်။

ထို့နောက် တံတားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတရရှိစေရန် ခင်းကျင်းပြသထားသည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**လှိုင်သူဇာ(ပြန်/ဆက်)**

# လက်တွေ့အသုံးချဆေးနည်းတို (ဆေးမြီးတို)များ

ကြည်လွင်မြင့်(မုဒြာ)

**ဆရာကြီးရှင့်။ သမီးက တက္ကသိုလ်ဝင်တန်းကျောင်းသူပါ။ သမီးမှာ ခံတွင်းနံ့နံတဲ့ရောဂါဖြစ်နေပါတယ်။ အထူးသဖြင့် ဝမ်းချုပ်တဲ့အခါ ပိုဖြစ်ပါတယ်။ သူငယ်ချင်းတွေနဲ့ စကားပြောရမှာတောင် ကြောက်သလိုဖြစ်နေပါတယ်။ ပါးစပ်မနံအောင် ဆားရည်ငုံရမယ်ဆိုလို့ မကြာခဏငုံပါတယ်။ ချွေးအောင်းရမယ်၊ ချွေးထုတ်ရမယ်ဆိုလို့လည်း မကြာခဏချွေးထုတ်ဖူးပါတယ်။ ခံတွင်းနံ့နံတာကတော့ ပျောက်မသွားပါဘူး။ သမီးလစဉ်မွေ့တာလည်း မှန်မှန်ပေါ်ပါတယ်။ သားစိမ်းငါးစိမ်းတွေလည်း ရှောင်ပါတယ်။ ပါးစပ်နံတာ ပျောက်ကင်းသက်သာစေမယ့်နည်းလမ်းရှိရင် ပြောပြပေးပါရှင့်။**

ခံတွင်းနံ့နံတာက ကိုယ်တွင်းမှာရှိတဲ့ အပုပ်ဓာတ်တွေရဲ့အနံ့ကို အပြင်မထွက်နိုင်အောင် အရေထူ၊ အရေပါးတွေမှာပိတ်ဆို့ပြီး မပွင့်တဲ့အတွက် ပါးစပ်က တက်လာပြီး နံရတာလို့ သဘာဝဓမ္မဆရာကြီးတွေက ဆိုကြပါတယ်။ ပြီးတော့ အာပေါဓာတ်လွန်ကဲရင်လည်း ပါးစပ်နံတတ်တယ်လို့ သဘာဝဓမ္မဆရာကြီးတွေက ကောက်ချက်ချကြပါတယ်။ အာပေါဓာတ်လွန်ကဲတဲ့ လက္ခဏာတွေက ရုပ်လေးမယ်၊ ကိုယ်သားကိုယ်ရေပူမယ်၊ ပါးစပ်နံမယ်၊ ခေါင်းကိုက်မယ်၊ ချွေးမထွက်ဘဲနေမယ်၊ ချွေးငုပ်မယ်၊ ကိုယ်သားကိုယ်ရေကြမ်းခြောက်မယ်၊ အဖုအပိမ့်ထွက်မယ် စတဲ့လက္ခဏာတွေဖြစ်ပါတယ်။ ခံတွင်းပုပ်တာ၊ နံတာဟာ ကိုယ်တွင်းအရွတ္တမှာ အပူ (ဥဏှ) အကြောင်းခံပြီးဖြစ်ရတာပါ။ ဒါကြောင့် ကိုယ်တွင်းမှာသာအပူအောင်းပြီး အထက်ကို အပူအပုပ်တွေတက်မနေအောင် အပူငြိမ်းတဲ့ဆေး၊ အစာမျိုးစားပေးရမယ်လို့ ဆိုပါတယ်။ အပူမထွက်နိုင်အောင် ဒါမှမဟုတ် အအေးပတ်ဖွဲ့မနေအောင် စားရ၊ နေရမယ်လို့ဆိုလိုပါတယ်။ အစားအသောက်မှာ ချုပ်စာ၊ တက်စာတွေ ရှောင်ရပါမယ်။ သက်စာ၊ ပွင့်စာ စားရမယ်။ ပွင့်စာဆိုတဲ့ဆေးအသုံးအနှုန်းကတော့ အာကာသရတဲ့ အစာမျိုးဖြစ်ပါတယ်။ အဲဒီမှာလည်း အေးပွင့်၊ ပူပွင့်ဆိုပြီး နှစ်မျိုးရှိပါတယ်။ အကြမ်းအားဖြင့် သမီးရဲ့ခန္ဓာကိုယ်က ပိန်ခြောက်ပြီး အသားအရေကလည်း ပူနွေးနွေးဖြစ်နေတာများမယ်ဆိုရင် အေးပွင့်ဖြစ်တဲ့ ကင်ပွန်း၊ ရှောက် စတဲ့အစာမျိုးကို အသင့်အတင့်စားပေးပါ။ မန်ကျည်းမှည့်ကလည်း အေးပွင့်မဟုတ်ပေမယ့် သက်တယ်။ အပုပ်စင်တယ်။ ဒါ့ပြင် အပူအပုပ်အားကြီးလို့ ရုပ်ခြောက်ပြီး သွေးအားနည်းနေရင် ခရမ်းချဉ်သီး၊ စပျစ်သီး၊ ပန်းသီး၊ သစ်တော်သီး စတဲ့အသီးအနှံတွေကို စားနိုင်ပါတယ်။ ဓာတ်စာအနေနဲ့ ခရမ်းသီးကို မန်ကျည်းမှည့်နဲ့ ရောချက်စားရင် လေနဲ့ဝမ်းသက်ပြီး အပူအပုပ်နိုင်ပါတယ်။ ကျောက်ဖရုံသီး၊ မန်ကျည်းမှည့်ချဉ်ရည်ကလည်း အပူခိုး၊ အပုပ်ခိုးတွေကိုနိုင်ပါတယ်။ သမီးရဲ့ခန္ဓာကိုယ်က ဝဖြိုးစိုပြည်ပြီး အသားအရေကလည်း အေးစက်နေတာများတယ်ဆိုရင်တော့ ပူပွင့်ဖြစ်တဲ့ ဒန့်သလွန်၊ မျှစ်၊ ပတဲကော၊ ဥသျှစ် စတဲ့အစာတွေစားပါ။ ရှောက်သီးသုပ်စပ်စပ်စားပါ။ ကြောင်လျှာသီးသုပ်ကို သံပရာရည်ညှစ်စားပါ။ ဆေးနည်းတိုတွေကတော့ ဆူးဖြူခေါက်ကို အခြောက်လှန်း၊ အမှုန့်ထောင်းပြီး ရေနွေးနဲ့ကျိုပါ။ အဲဒီရေကို ငုံထားပြီး ထွေးပစ်ပါ။ ကြက်မောက်ဆူးပြန်ပင် အမြစ်မှုန့်နဲ့ နေ့စဉ်သွားတိုက်ပေးရင်လည်း ခံတွင်းနံ့ပျောက်တယ်လို့ဆိုပါတယ်။ တိုင်းရင်းဆေးခန်းသုံးဆေးတွေမှာတော့ တိုင်းရင်းဆေးအမှတ် (၁၆) အပူငြိမ်းသွေးဆေးကို နေ့လယ်မှာ သောက်သုံးပြီး တိုင်းရင်းဆေးအမှတ် (၁၂) စက္ခုပါလဆေးကို ညအိပ်ရာဝင်ချိန် သောက်သုံးပေးပါ။

**ဆရာကြီးခင်ဗျာ။ ကျွန်တော်က အသက် ၄၀ ကျော်ပါပြီ။ အညောင်းရောဂါဖြစ်နေပါတယ်။ ကျွန်တော့်ရဲ့အလုပ်က ရွှေပန်းထိမ်အလုပ်ပါ။ အညောင်းများသလို ရွှေကျိုတဲ့အခါ မီးပူခံရတာတွေလည်းရှိပါတယ်။ ဝမ်းလည်းချုပ်ပါတယ်။ လိပ်ခေါင်းလည်းရှိပါတယ်။ ဝမ်းနုတ်ဆေးမကြာခဏစားပေးရပါတယ်။ ကျွန်တော် တစ်ပတ်တစ်ခါလောက် အနင်းအနှိပ်ခံပေမယ့် အညောင်းအညာမပျောက်ပါဘူး။ အညောင်းရောဂါပျောက်ကင်းစေဖို့ ဆေးနည်းပေးစေလိုပါတယ်။**

အညောင်းရောဂါက အထိုင်များတာ၊ လမ်းလျှောက်နည်းတာ၊ ဆီး၊ ဝမ်း၊ သွေး၊ လေချုပ်တာကြောင့် ဖြစ်တတ်ပါတယ်။ ပုံမှန် အချိန်ယူပြီး နေ့စဉ် ၂ မိုင်လောက် လမ်းလျှောက်ပေးရပါမယ်။ ဝမ်းမှန်အောင် အသီးအရွက်၊ ချဉ်ရည်ဟင်း များများစားပေးရပါမယ်။ ညအိပ်ရာဝင်ချိန် ဒူးအထက်ကနေအောက်ကို ရေလောင်းခြေဆေးပေးတာ၊ ခြေဖဝါးဆားပွတ်ပြီး ရေဆေးပေးတာတွေ ပြုလုပ်ပေးရင် အပူအပုပ်တွေ အထက်ကိုတက်တာသက်သာပြီး အညောင်းရောဂါသက်သာစေနိုင်ပါတယ်။ အညောင်းများသူတွေအနေနဲ့ အနင်းအနှိပ်ခံတာကို အကျင့်မလုပ်ဘဲ မိမိဘာသာ အကြောလျှော့လေ့ကျင့်ခန်း ပြုလုပ်သင့်ပါတယ်။ အညောင်းရောဂါသက်သာစေတဲ့ ဆေးနည်းတိုတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

– တမာရွက်ပြုတ်ရည်နဲ့ ရေချိုးပေးရင် အညောင်းအကိုက်ရောဂါ သက်သာစေပါတယ်။

– ခွေးတောက်ရွက်နဲ့ ကြက်ရိုးကို ဟင်းချိုချက်သောက်ရင် ခါးနာရောဂါနဲ့ အညောင်းရောဂါကို သက်သာစေပါတယ်။

– အညာတမာရွက်ကို အချဉ်တည်ပြီး အတို့အမြုပ်လုပ်စားရင် အညောင်းရောဂါ သက်သာစေပါတယ်။

– ကြောင်လျှာသီးကို ဟင်းချက်၊ ကြော်စားရင် အညောင်းရောဂါနဲ့ နားအူ၊ နားလေးရောဂါတွေ သက်သာစေနိုင်ပါတယ်။

– ကြက်ဟင်းခါးသီးကို ပါးပါးလှီး၊ ဆန်ဆေးရည်နဲ့ စိမ်ထားပြီး ဟင်းချက်၊ ကြော်စားရင် အညောင်းရောဂါ သက်သာစေပါတယ်။

– လက်ဖက်အသားကို ရေစင်အောင်ဆေး၊ ရှောက်ရည်နဲ့နယ်၊ နှမ်းဆီစိမ်ထားပြီး နေ့စဉ် ကွမ်းသီးလုံးခန့် စားသုံးပေးရင် အညောင်းရောဂါသက်သာစေပါတယ်။

– ရှမ်းဆေးခါးပင်ရဲ့အရွက်ကို ထန်းလျက်နဲ့ ရောကျိုသောက်ရင် အထိုင်များပြီးဖြစ်တတ်တဲ့ အညောင်းရောဂါသက်သာစေပါတယ်။

– ပေါင်၊ ခြေသလုံးတွေညောင်းကိုက်ရင် တောရှောက်မြစ်ကို သွေးလိမ်းပေးပါ။

– မုန်ညင်းဆီမှာ ပရုတ်အနည်းငယ်ထည့်၊ အပူပေးပြီးလိမ်းပေးရင် အညောင်းအကိုက်သက်သာစေပါတယ်။

– ညအိပ်ရာဝင်ခါနီးတိုင်း ခြေဖဝါးဆားပွတ်ပြီး ဒူးအထက်ကနေအောက်ကို ရေလောင်းခြေဆေးတာ ပြုလုပ်ပေးရင် အညောင်းရောဂါနဲ့ ကြွက်တက်ရောဂါ သက်သာစေပါတယ်။

– သဘော်သီးအစိမ်းကို အသားမျှင်ရအောင် ခြစ်ယူ၊ ငရုတ်သီးအစပ်အနည်းငယ်ထည့်ပြီး အသုပ်ပြုလုပ်စားရင် ဇက်ကြောတက်၊ ခေါင်းအုံ၊ ဇက်လေးရောဂါတွေကို သက်သာစေနိုင်ပါတယ်။

**ဆရာကြီးရှင့်။ ကျွန်မအမျိုးသားက ဆီးထဲမှာသွေးပါလို့ တောဆီးဖြူသုံးခွက်တစ်ခွက်တင်ကျိုတိုက်တာ တစ်ရက်တည်းနဲ့တော့ ပျောက်သွားဖူးပါတယ်။ ဒါပေမဲ့ အခုပြန်ဖြစ်နေလို့ ဆီးထဲမှာသွေးပါတာရပ်စေမယ့် ဆေးနည်းတိုလေးပေးပါလို့ အကူအညီတောင်းပါတယ်။**

ဆီးထဲမှာသွေးပါရင် မာလကာရွက်ပြုတ်ရည် မတ်ခွက်တစ်လုံးမှာ သကြားသုံးဇွန်းထည့်သောက်ပါ။ စံပယ်ပွင့်ခြောက် ဒါမှမဟုတ် စံပယ်ရွက်ကို ပြုတ်သောက်ရင်လည်းရပါတယ်၊ တောဆီးဖြူပင်ရရင်လည်း ပြုတ်သောက်ပါ။ အဓိကကတော့ ဆီးလမ်းကြောင်းမှာ ကျောက်ရှိနေလို့ သွေးပါတာပါ။ ဆေးရုံ၊ ဆေးခန်းမှာ စနစ်တကျစစ်ဆေးကုသပါ။

**ဆရာကြီးခင်ဗျာ။ ကျွန်တော်က မျက်စိခွဲရမှာဖြစ်လို့ ခွဲပြီးရင် မတည့်တဲ့အစားအသောက်တွေကို သိချင်လို့ပါဆရာ။ အနာအမြန်ကျက်ချင်လို့ပါ။ ကျွန်တော်က စက်ချုပ်တော့ ခေါင်းငုံ့ပြီး မျက်စိအာရုံစိုက်လုပ်ရတဲ့ အလုပ်ကို လုပ်ရသူဖြစ်ပါတယ်။**

သွေးတိုးစေမယ့် ငါးပိ၊ ငါးခြောက်တွေ မစားပါနဲ့။ ခွဲစိတ်ပြီး မျက်စိမယားအောင် ပုစွန်နဲ့ ပင်လယ်စာတွေ မစားပါနဲ့။ ခွဲခါနီးမှ ဆီးချို၊ သွေးချိုတက်လို့ မခွဲရတဲ့သူတွေလည်းရှိတာကြောင့် အချိုအဆိမ့်တွေ လွန်ကဲစွာ မစားမိဖို့လည်းသတိပြုပါ။ အသီးအရွက်၊ ငါး၊ ကြက်ဥ စတာတွေစားလို့ရပါတယ်။ ခွဲပြီးရင် အနေအထိုင်အစားအသောက်ရှောင်ရမှာတွေကိုတော့ ဆရာဝန်ညွှန်ကြားမှာပါ။

**ဆရာကြီးရှင့်။ ကျွန်မအသက် ၇၀ ထဲမှာပါ။ ကျွန်မနားထဲမှာ လေတွေဆူညံနေလို့ စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ အားနည်းလို့ နားလေထွက်တာမဖြစ်ရအောင် နံနက်စာကိုလည်း ပြည့်ပြည့်ဝဝစားပါတယ်။ ဒါပေမဲ့ နားထဲက ဆူညံသံတွေ မပျောက်ဘူးဖြစ်နေပါတယ်။ အထူးသဖြင့် ဘုရားစာရွတ်ဖတ်ချိန်မှာ ပေါ်လာတော့ အနှောင့်အယှက်ဖြစ်ရပါတယ်။ ဒီလိုဖြစ်တာတွေ ပျောက်ကင်းဖို့အတွက် ဆေးနည်းလမ်းညွှန်ပေးပါဆရာ။**

နားအူ၊ နားလေထွက်၊ နားထဲက အသံတွေကြားရင် အားနည်းလို့လည်းဖြစ်တတ်သလို နားထဲမှာ လေခိုနေရင်လည်း ဖြစ်တတ်ပါတယ်။ သက်သာပျောက်ကင်းဖို့အတွက် မုန်ညင်းဆီ ၁၀ ကျပ်သားမှာ ကွမ်းရွက်သုံးရွက်ခြေထည့်ပြီး မီးနဲ့ဆူအောင်ချက်ထားပါ။ အဲဒီဆီနဲ့ နားကျပ်ပေးပါ။ နားကျပ်တဲ့အခါတိုင်း ဆီကို ခပ်နွေးနွေးဖြစ်အောင် နွှေးပြီးကျပ်ပါ။ ဒါမှမဟုတ် နားထဲထည့်ပါ။ နားအူသက်သာစေဖို့ ဓာတ်စာအဖြစ် ကြောင်လျှာသီးကြော်စားပါ။ နွားနို့သောက်ပါ။ ကြောင်လျှာပွင့်ခြောက်ကိုပြုတ်ပြီး အသုပ်ပြုလုပ်စားရင်လည်း နားလေထွက်တာ သက်သာစေပါတယ်။ စိတ်ကြောင့်လည်း နားထဲမှာ ဆူညံသံ၊ စကားပြောသံတွေ ကြားရတတ်ပါတယ်။ ဖြစ်နိုင်ရင် ဘုရားစာရွတ်ဖတ်တဲ့အခါ နားထဲကို ဂွမ်းဆို့ထားရင် သက်သာနိုင်ပါတယ်။

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ Women's Club စကားဝိုင်းဆွေးနွေး

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ Women's Club စကားဝိုင်းဆွေးနွေးပွဲကို မတ်လ ၂၁ ရက်က ကျင်းပသည်။




အဆိုပါစကားဝိုင်းတွင် Women's Club အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်စပယ်ဦးက အမျိုးသမီးထုလိုအပ်လျက်ရှိသည့် လက်မှုပညာရပ်များ၊ အိမ်တွင်းမှုပညာရပ်များ၊ ကျန်းမာရေးဆိုင်ရာများ၊ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ကာကွယ်ပိုင်ခွင့်များ၊ မိသားစု ဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခြင်းနှင့် ပညာရှင်များဖိတ်ခေါ်၍ ဟောပြောပွဲများ ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စကားဝိုင်းသို့တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ Women's Club အဖွဲ့ဥက္ကဋ္ဌက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

ချမ်းမြေ့

## သကြၤန်အကြို မြေပဲဆီ နှမ်းဆီ နေကြာဆီ ဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၂၂

ရန်ကုန်မြို့၌ သင်္ကြန်အကြို မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ ဈေးရောင်းပွဲတော်ကို လေးရက်ကြာကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှ သိရသည်။

အဆိုပါဈေးရောင်းပွဲတော်ကို မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၏ ကြီးကြပ်မှုဖြင့် ရောင်းချမည်ဖြစ်ပြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ရုံးရှေ့နှင့် ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း ရန်ကင်းဈေးမှတ်တိုင်အနီး ရွှေအုန်းပင်အိမ်ရာရှေ့တို့၌ ဧပြီလ ၁ ရက်မှ ၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ရောင်းချပေးမည်ဖြစ်သည်။

ယင်းဈေးရောင်းပွဲတော်၌ မြေပဲဆီတစ်ပိဿာ(ဘူးခွံအပါအဝင်)လျှင် ငွေကျပ် ၁၈၅၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အသင့်ထည့်သွင်းထုပ်ပိုးထားသည့် ၂၅ ကျပ်သားမှ ၁၀ ပိဿာဝင်ဘူးအထိ အရွယ်အစားစုံဆီဘူးများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဝါဝါ

# သနပ်ပင်မြို့နယ်၌ နွေရာသီမဟာဗုဒ္ဓဝင်နှင့် (၃၈)ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်



သနပ်ပင် မတ် ၂၂

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၏လမ်းညွှန်မှုဖြင့် ပဲခူးတိုင်းဒေသကြီးYMBAအသင်းနှင့်သနပ်ပင်မြို့နယ် YMBAအသင်းတို့မှ ဦးဆောင်၍ ယမန်နေ့ နံနက်ပိုင်းက သနပ်ပင်မြို့နယ် မင်းရွာအုပ်စု ကျောင်းစုရွာဓမ္မာရုံ၌ နွေရာသီမဟာဗုဒ္ဓဝင်နှင့်(၃၈)ဖြာမင်္ဂလာယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA၊ ပဲခူးတိုင်းဒေသကြီးဥက္ကဋ္ဌ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးလှတင်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သနပ်ပင်မြို့နယ် YMBA အသင်းဥက္ကဋ္ဌ ဦးဇော်မင်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA၊ ပဲခူးတိုင်းဒေသကြီးဥက္ကဋ္ဌ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးလှတင်ဦးက သင်တန်းသားကလေးငယ်များအတွက် အလှူငွေ၊ သင်ရိုးစာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို သနပ်ပင်မြို့နယ် YMBA အသင်းဥက္ကဋ္ဌ ဦးဇော်မင်းနိုင်နှင့်အမှုဆောင်အဖွဲ့ထံသို့ ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ နွေရာသီမဟာဗုဒ္ဓဝင်နှင့်(၃၈)ဖြာမင်္ဂလာယဉ်ကျေးလိမ္မာသင်တန်းအား မတ်လ ၂၁ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူကလေးငယ် ၁၇၀ ဦးကျော် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(၄၁၀)

# K.I.P ဆိပ်ကမ်းသို့ TIRTASARI ဆီတင်သင်္ဘောကြီးဆိုက်ကပ် စားသုံးဆီနှင့် စက်မှုကုန်ကြမ်းများစတင်ဖြန့်ဖြူး

ရန်ကုန် မတ် ၂၂

ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရန်နှင့် စက်မှုကုန်ထုတ်လုပ်ငန်းများအတွက်လိုအပ်သော ကုန်ကြမ်းများ အချိန်မီဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ TIRTASARI အမည်ရှိ ဆီတင်သင်္ဘောကြီးသည် ရန်ကုန်မြို့ K.I.P ဆိပ်ကမ်းသို့ မတ်လ ၂၁ ရက် ညပိုင်းက ဆိုက်ကပ်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သင်္ဘောပေါ်တွင် ပါရှိသော ဆီများ၏ အရည်အသွေးနှင့် အလေးချိန် တိကျမှန်ကန်မှုရှိစေရန်အတွက် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရေးကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ ဦးဆောင်၍ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနမှ အဖွဲ့ဝင်များ၊ ကန်ကြီးကြပ်ရေးအဖွဲ့နှင့် MITS အဖွဲ့တို့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

TIRTASARI သင်္ဘောသည် ယမန်နေ့



ည ၁၀ နာရီ ၅၄ မိနစ်တွင် ကုန်ချလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်ခဲ့ပြီး ည ၁၁ နာရီခန့်တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့ကြောင်းနှင့် ယခုကဲ့သို့ စနစ်တကျစစ်ဆေးတင်သွင်းခြင်းကြောင့် ပြည်သူများထံသို့ အရည်အသွေးမီ စားသုံးဆီများကို စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မိုး**

# မြဝတီမြို့တွင် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်

မြဝတီ မတ် ၂၂

ကရင်ပြည်နယ် မြဝတီမြို့၌ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် စနေနေ့အထူးသန့်ရှင်းရေးကို စုပေါင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက အမှတ် ( ၄ )ရပ်ကွက် မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားအနီး Hotel Conqueror မှ (G G 1) ကတ္တားချိန်လုပ်ငန်းအထိ စုပေါင်းသန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း ဦးဆောင်ကြီးကြပ်မှုဖြင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများစုပေါင်း၍ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားအနီး Hotel Conqueror မှ(G G 1) ကတ္တားချိန်လုပ်ငန်းအထိ လမ်းဘေးဝဲယာတစ်လျှောက်ရှိ အမှိုက်သရိုက်များလှည်းကျင်းခြင်းနှင့် လမ်းလယ်ကျွန်းတစ်လျှောက်ရှိပေါင်းမြက်များရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပြီး ထွက်ရှိလာသည့် အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြသည်။

ထိုသို့ ပြည်သူ့အကျိုးပြုအဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် စနေနေ့ အထူးစုပေါင်းသန့်ရှင်းရေးကို ရပ်ကွက်အလိုက်လမ်းများ၊ စာသင်ကျောင်းများ၊ စေတီပုထိုးများတွင် အရှိန်အဟုန်မပြတ် စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၆)

## (၈၁) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား မိဘပြည်သူများလာရောက်ဂုဏ်ပြုနိုင်

(၈၁) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား တန်းစီကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရာ လမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်း ကမ်းလိုသူ မိဘပြည်သူများအနေဖြင့် **မတ်လ၂၃၊ ၂၄၊ ၂၅ ရက်နေ့များတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်(ပင်မဂိတ်)**သို့ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင်(လူကိုယ်တိုင်)လာရောက်ဆောင်ရွက်နိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လုံခြုံရေးဆပ်ကော်မတီ**
**(နေပြည်တော်တိုင်းစစ်ဌာနချုပ်)**
**နေပြည်တော်**
**ဖုန်း၊ ၀၃၂-၃၀၀၀၉**

(၆၆) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့
၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်

"သဘာဝဘေး ကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့"
"Observing Today, Protecting Tomorrow"

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁°c | / | ၃၅°c |
| ရန်ကုန် | ၂၃°c | / | ၃၇°c |
| မန္တလေး | ၂၂°c | / | ၃၅°c |

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို
ချွေတာကြပါစို့

## ၂၂-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့်ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကိုရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင်သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(မတ်လ၊ ၂၀၂၆)

# အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာန

### ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

### အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ

- ➢ တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- ➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ➢ မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ➢ ရေများများသောက်ပါ။





### အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- ➢ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ➢ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ➢ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- ➢ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၁ ၂ ၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

### သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- ➢ အလွန်အမင်းရေဆာခြင်း၊
- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ တက်ခြင်း၊ သတိလစ်ခြင်း။

### အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။




### အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- ➢ သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ➢ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ➢ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- ➢ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

### အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- ➢ လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- ➢ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ➢ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ➢ လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- ➢ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- ➢ လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၄ ၅ ၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

(၈၁)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပြည်သူနှင့်တစ်သားတည်းတည်ရှိနေသော တပ်မတော်

စိန်ငွေးလှိုင်(ပခုက္ကူ)



နွေဦးရဲ့လေပွေရူးလေးက ပိတောက်ရနံ့ကိုမသယ်ဆောင်မီ မတ်လရဲ့နေရှိန်ပြင်းပြင်းအောက်တွင် စာရေးသူတို့မြန်မာနိုင်ငံမှာ မေ့မရနိုင်တဲ့သမိုင်းဝင်နေ့တစ်နေ့ရှိခဲ့ပါတယ်။ ထိုနေ့သည်ကား ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ဖြစ်ပါတယ်။ ဖက်ဆစ်တို့ရဲ့ဖိနှိပ်မှုအောက်မှာ ငုံ့မခံလိုတဲ့ ဇာတိသွေးတို့ဆူပွက်ခဲ့တဲ့နေ့ ဒါမှမဟုတ် လွတ်လပ်ရေးဆိုတဲ့ပန်းတိုင်ကိုရောက်စေဖို့ရာ လက်နက်စွဲကိုင်ကာ တောထဲတောင်ထဲကိုခြေဆန့်ခဲ့ကြတဲ့နေ့တစ်နေ့ဖြစ်ပါတယ်။ သမိုင်းမြူမှုန်များကြားကပြန်ကြည့်မယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ရဲဘော်သုံးကျိပ်ဝင်တွေ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ကစစ်သည်တော်တွေ၊ တိုင်းရင်းသားပြည်သူတွေရဲ့ခြေသံများကိုကြားယောင်နေဆဲဖြစ်ပါတယ်။ဖက်ဆစ်ရန်တော်လှန်ရေးဆိုတဲ့စကားလုံးမှာ ရိုးရှင်းသယောင်ရှိပေမယ့် ပေးဆပ်ရမှုကကြီးမားလှပါတယ်။ အမိမြေကို ကျွန်ဘဝကနေကယ်တင်ဖို့ရာ အသက်၊ သွေး၊ ချွေးတို့မြေခခဲ့ရတဲ့စစ်သည်တော်တို့ရဲ့စိတ်ဓာတ်ဟာ ယနေ့တိုင်ထွန်းလင်းနေတဲ့ မီးရှူးတိုင်တစ်ခုကဲ့သို့ပင် တည်ရှိနေဆဲဖြစ်ပါတယ်။

အဘယ့်ကြောင့်ဖက်ဆစ်တော်လှန်ရေးကိုဆင်နွှဲခဲ့ရသနည်းဆိုရင် ကျွန်တော်တို့နိုင်ငံတော်ကြီးဟာ တိုင်းတစ်ပါးသားတို့ရဲ့ဖိနှိပ်အုပ်ချုပ်မှုကိုခံခဲ့ရလို့ဖြစ်ပါတယ်။ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ဘုရင်ကိုယ့်သခင်နဲ့နေထိုင်ခဲ့တဲ့ နိုင်ငံတော်ကို အင်္ဂလိပ်နယ်ချဲ့တို့ကသိမ်းပိုက်ခဲ့ပါတယ်။ ဂျပန်တို့ရဲ့ အကူအညီနဲ့ အင်္ဂလိပ်တို့ကိုတိုက်ထုတ်ခဲ့ပေမယ့် “ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကကျားထက်ဆိုး” ဆိုသလို ဂျပန်တို့ဟာ ဖက်ဆစ်စနစ်နဲ့အုပ်ချုပ်ခဲ့ပြန်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အတိတ်သမိုင်းကိုပြန်ပြောင်းကြည့်မယ်ဆိုရင် ၁၈၈၅ ခုနှစ်မှာ တတိယအကြိမ် အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားပြီး အင်္ဂလိပ်တို့က တစ်နိုင်ငံလုံးကိုသိမ်းယူခဲ့ပါတယ်။ သူ့ကျွန်မခံလိုတဲ့တိုင်းရင်းသားတို့မှာ ရရာလက်နက်ကိုစွဲကိုင်တော်လှန်ခဲ့ကြပါတယ်။ ဒါပေမဲ့ တစ်တိုင်းပြည်လုံးမစည်းရုံးနိုင်မှု၊ လက်နက်အင်အား၊ လူအင်အားမမျှမှုတို့ကြောင့် အောင်မြင်မှုမရရှိခဲ့ပါ။ အားမသန်လို့မာန်လျှော့ခဲ့ရပေမယ့် နယ်ချဲ့ကိုတော်လှန်လိုတဲ့စိတ်ဓာတ်မှာ လျော့နည်းမသွားခဲ့ပါဘူး။ ၁၉၃၀ ပြည့်နှစ် မေလ ၃၀ ရက်မှာ တို့ဗမာအစည်းအရုံးကိုဖွဲ့စည်းခဲ့ပါတယ်။ ၁၉၃၉ ခုနှစ်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့တဲ့အခါ အင်္ဂလိပ်တို့ဟာစစ်ကြီးအတွက်လုံးပန်းနေရပါတယ်။ ဒီအချိန်မှာ“အင်္ဂလိပ်အခက်ဗမာ့အချက်” ဆိုတဲ့စကားကိုကြွေးကြော်ခဲ့ကြပြီး လက်နက်နဲ့တိုက်ခိုက်ရမယ့်နည်းလမ်းကို ရှာဖွေခဲ့ကြပါတယ်။ သခင်အောင်ဆန်းခေါင်းဆောင်တဲ့ မျိုးချစ်လူငယ် ၃၀ ဦး(ရဲဘော်သုံးကျိပ်)တို့ဟာ စစ်သင်တန်းတက်ရောက်ဖို့ ပြည်ပကိုထွက်ခွာခဲ့ပါတယ်။ တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်းမှာ စစ်ပညာသင်ကြားခဲ့ပါတယ်။ ရဲဘော်သုံးကျိပ်တို့ဟာ တရုတ်က အပြန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ကို ဖွဲ့စည်းလိုက်ပါတယ်။ ဂျပန်တပ်တို့နဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံကို စစ်ကြောင်းလေးကြောင်းနဲ့ ဝင်ရောက်ခဲ့ပါတယ်။ ဂျပန်တပ်နဲ့အတူ မြန်မာနိုင်ငံအထက်ပိုင်းကိုချီတက်ခဲ့ရာ ဧပြီလမှာ မြန်မာတစ်နိုင်ငံလုံးကိုသိမ်းသွင်းနိုင်ခဲ့ပါတယ်။ ဂျပန်နဲ့ပူးပေါင်းပြီး အင်္ဂလိပ်တို့ကို အမိမြေမှ မောင်းထုတ်နိုင်ခဲ့ပေမယ့် ဂျပန်တို့က မြန်မာနိုင်ငံကိုဖက်ဆစ်စနစ်နဲ့အုပ်ချုပ်ခဲ့ပါတယ်။ မြန်မာ့တပ်မတော်မှာလည်း ဂျပန်လက်အောက်ခံတပ်မတော်အဖြစ်နဲ့သာ ရပ်တည်နေရပါတယ်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာတပ်မတော်ဟာပြည်သူလူထုတစ်ရပ်လုံးနဲ့အတူ ဖက်ဆစ်တော်လှန်ရေးကြီးကိုစတင်ဆင်နွှဲလိုက်ပါတယ်။ ဂျပန်တို့ကိုတိုက်ထုတ်နိုင်ခဲ့ပေမယ့် အင်္ဂလိပ်တို့က ဆက်လက်အုပ်ချုပ်ခဲ့ရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ စစ်မှန်တဲ့လွတ်လပ်ရေးကိုရရှိခဲ့ပါတယ်။

မြန်မာ့တပ်မတော်ရဲ့ ကနဦးဖွဲ့တည်လာရာသမိုင်းကြောင်းဟာ ဂျပန်တို့ကိုတွန်းလှန်ရာမှာ တစ်ပြည်လုံးအတိုင်းအတာပါဝင်ခဲ့ခြင်းနဲ့ဆက်နွှယ်နေပါတယ်။ ဒါ့ကြောင့် ဖက်ဆစ်တော်လှန်ရေးစတင်ဖို့သတ်မှတ်ခဲ့တဲ့ မတ်လ ၂၇ ရက်နေ့ကို အစွဲပြုပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) တစ်ရပ်လုံးနဲ့ပတ်သက်တဲ့ “တပ်မတော်နေ့” အဖြစ် ၁၉၅၅ ခုနှစ်မှာ တရားဝင်အတိအလင်းသတ်မှတ်ခဲ့ပါတယ်။

တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို စဉ်လာမပျက်နှစ်စဉ်ကျင်းပလျက်ရှိပါတယ်။ ယခုအခါ နေပြည်တော်မှာကျင်းပလျက်ရှိရာ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနဲ့ အောင်ဆန်းစစ်ကြောင်းတို့ဟာ စုရပ်ဖြစ်တဲ့ သစ်တပ်ကွင်းကနေ စစ်ရေးပြကွင်းကြီးဆီကို တပ်မတော်စစ်တီးဝိုင်းအဖွဲ့များရဲ့ တီးခတ်မှုနဲ့အတူ စစ်သီချင်းများသီဆိုကာ ချီတက်ကြပါတယ်။ မြင်တွေ့ရသူအပေါင်းကို ရဲစိတ်ရဲမာန်တက်ကြွစေပါတယ်။ ပြည်သူအပေါင်းတို့မှလည်း သောင်းသောင်းဖြဖြကြိုဆိုကြသည်မှာ တပ်မတော်နဲ့ပြည်သူ ချစ်ကြည်ရင်းနှီးမှုကိုပြသနေပါတယ်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဟာ ၂၀၂၆ ခုနှစ် (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို ဦးတည်ချက်(၄)ရပ်နဲ့ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။ ၎င်းဦးတည်ချက်များမှာ “အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကိုကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါအခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်ကပါဝင်ထမ်းဆောင်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှကြိုးပမ်းဆောင်ရွက်ရေး၊ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကိုလျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး၊ တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့်တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး”တို့ဖြစ်ကြပါတယ်။

၎င်းဦးတည်ချက်များကိုအကျဉ်းချုပ်ရေးသားရမယ်ဆိုရင် မြန်မာနိုင်ငံမှာ “ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး”ဆိုတဲ့ ဒို့တာဝန်အရေး(၃)ပါးဆိုတာ တည်ရှိပါတယ်။ ပြည်ထောင်စုဆိုသည်မှာ တိုင်းရင်းသားလူမျိုးအသီးသီးတို့ဟာ နှစ်ကာလပရိစ္ဆေဒကြာရှည်စွာ ကောင်းတူဆိုးဖက် လက်တွဲညီညီနေထိုင်တဲ့ ပထဝီနယ်နိမိတ်ကိုခေါ်ဆိုပါတယ်။ တိုင်းပြည်တစ်ခုတည်းမှာအတူတကွနေထိုင်ကြတဲ့ လူမျိုးစုအားလုံးကို တိုင်းရင်းသားလို့ခေါ်ဆိုပါတယ် “စည်းလုံးညီညာအောင်ကြောင်းဖြာ”ဆိုတဲ့ စကားအတိုင်း တိုင်းရင်းသားအားလုံး ပေါင်းစည်းညီညွတ်စွာ နေထိုင်ရပါမယ်။ အချုပ်အခြာအာဏာဆိုတာက တိုင်းပြည်တစ်ခုကို စည်းကမ်းတကျမောင်းနှင်ထိန်းသိမ်းနိုင်ဖို့နဲ့ ပြည်သူတို့ရဲ့ အကျိုးစီးပွားတိုးတက်မှုကို ကာကွယ်ဖို့ရာ လိုအပ်တဲ့အာဏာမျိုးဖြစ်ပါတယ်။ အချုပ်အခြာပိုင်ဆိုင်မှုရှိမှသာ မိမိတိုင်းပြည်နဲ့မိမိလူမျိုးအကျိုးကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ အချုပ်အခြာအာဏာပိုင်ဆိုင်မှုဟာ လွတ်လပ်တဲ့ တိုင်းပြည်တစ်ပြည်ရဲ့ အဓိကဝိသေသလက္ခဏာတစ်ရပ်ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်က ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးဝါဒအဖြစ် လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားရေးဝါဒဆိုသည်မှာ မိမိဒေသ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှု ဘာသာရေးနဲ့စည်းလုံးညီညွတ်ရေးတို့ကို တန်ဖိုးထားချစ်မြတ်နိုးတဲ့ နိုင်ငံရေးအတွေးအခေါ်ကို ခေါ်ဆိုပါတယ်။

အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါအခြေခံမူများအနက် တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ပုဒ်မ ၆(စ)မှာ “နိုင်ငံတော်သည် နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်” လို့ ချမှတ်ထားရှိပါတယ်။ နိုင်ငံတော်မှာ ဒီမိုကရေစီလမ်းကြောင်းမှသွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် ၎င်းတာဝန်ကို တပ်မတော်က ဆက်လက်ထမ်းဆောင်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးဆိုသည်မှာအလွန်အရေးပါတဲ့ကဏ္ဍတစ်ခုဖြစ်ပါတယ်။ တပ်မတော်ဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေပါတယ်။

တရားဥပဒေစိုးမိုးရေးဆိုသည်မှာ နိုင်ငံတော်ကပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ အုပ်ချုပ်ခြင်းကို ဆိုလိုပါတယ်။ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမခွဲခြားဘဲ လူတိုင်းမှာတူညီတဲ့ဥပဒေရဲ့အကာအကွယ်ကို ရရှိရပါမယ်။ ပြည်သူ့ဆန္ဒကိုအခြေခံပြီး တရားဥပဒေရှေ့မှောက်မှာလူတိုင်းတန်းတူအခွင့်အရေးရရှိစေဖို့ရာ လုပ်ဆောင်ပေးရမှာဖြစ်ပြီး ၎င်းတာဝန်များကို တပ်မတော်က ဖော်ဆောင်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးစကာလမှာ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့ပြီး ယနေ့ကာလတိုင် အပြီးသတ်မဖြေရှင်းနိုင်သေးပါဘူး။ လက်နက်ကိုင်ပဋိပက္ခကိုမဖြေရှင်းနိုင်သေးသမျှကာလပတ်လုံး နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုမှာ နှောင့်နှေးနေပါဦးမယ်။ ငြိမ်းချမ်းရေးအသီးအပွင့်ကို တိုင်းရင်းသားများအတွက်ဝေမျှခံစားဖို့အခွင့်အလမ်းနည်းပါးနေပါဦးမယ်။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝစဉ်ငြိမ်းချမ်းရေးရရှိဖို့ရာ တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ် လျှောက်လှမ်းဖို့ အဆိုပါအဖွဲ့အစည်းတွေကို တပ်မတော်က ဖိတ်ခေါ်နေမြဲဖြစ်ပါတယ်။ ပြည်သူလူထုအတွက် တည်ငြိမ်အေးချမ်းမှုအပြည့်အဝခံစားနိုင်ဖို့ရာ တပ်မတော်က မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အား၊ ပြည်သူလူထု၏အင်အားတို့ကိုစုစည်းပြီး အကြမ်းဖက်သမားများကို နှိမ်နင်းလျက်ရှိပါတယ်။ ဒါ့ပြင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါသဘောတူညီချက်များအပေါ် အခြေခံပြီး ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

စာမျက်နှာ ၁၂ သို့ ➤

➤ စာမျက်နှာ ၁၁ မှအဆက်

စွမ်းရည်ထက်မြက်ပြီး ခေတ်မီအဆင့်မြင့် တပ်မတော်(Modenized Armed Forces) ဖြစ်စေရေးမှာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် အဓိကရည်မှန်းချက်ဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ဟာ ခေတ်မီစစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်တဲ့ စစ်သည်တော်များဖြစ်လာစေဖို့ရာ လေ့ကျင့်ပေးနေပါတယ်။ ခေတ်မီနည်းပညာများနဲ့စစ်လက်နက်ပစ္စည်းများကို ဖြည့်တင်းဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များအကြား ဟန်ချက်ညီညီစုစည်းရပ်တည်ပြီး ပူးပေါင်းစစ်ဆင်နိုင်မှု စွမ်းရည်မြှင့်တင်ခြင်းများ ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်နေမှုမှာ နိုင်ငံတော်အပေါ် ကျရောက်လာမယ့် ပြည်တွင်း၊ ပြည်ပ အန္တရာယ်များကို ထိရောက်စွာကာကွယ်နိုင်ပါတယ်။

မတ်လရဲ့ကောင်းကင်ပြာပြာအောက်မှာ တပ်မတော်နေ့ စစ်ရေးပြကွင်းအတွင်းက စစ်ရေးပြစစ်သည်တွေရဲ့ စည်းချက်ကျကျ တက်လှမ်းနေတဲ့ခြေလှမ်းတိုင်းမှာ မြန်မာ့တပ်မတော်ရဲ့မဆုတ်မနစ်တဲ့ ဖွဲ့ လုံ့လကို ဖော်ပြနေပါတယ်။ စစ်ရေးပြတီးဝိုင်းရဲ့ ဘင်ခရာသံများအကြားမှာ မင်းကောင်းမင်းမြတ်သုံးပါးဖြစ်တဲ့ အနော်ရထာ၊ ဘုရင့်နောင်နဲ့ အလောင်းဘုရားဦးအောင်ဇေယျတို့ရဲ့ရုပ်တုများမှာ ခံ့ညားစွာရပ်တည်နေကြပါတယ်။ ၎င်းတို့မှာ စာရေးသူတို့နိုင်ငံရဲ့အတိတ်ဆီကိုသတိပေးနေသလို နောင်လာနောက်သားတို့အတွက် အမိနိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ဖို့ရာ တာဝန်ရှိကြောင်း နှိုးဆော်သယောင်ရှိနေပါတယ်။

အချုပ်အားဖြင့်ဆိုရရင် တပ်မတော်နေ့ဆိုသည်မှာ စစ်ရေးပြရုံသက်သက်သာမဟုတ်ပါဘူး။ မျိုးချစ်စိတ်ဓာတ်ရဲ့သင်္ကေတ၊ အချုပ်အခြာကိုကာကွယ်လိုတဲ့ ဆန္ဒနဲ့ခေတ်အဆက်ဆက်မှာပေးဆပ်ခဲ့ရတဲ့ စစ်သည်တော်တွေရဲ့ ဂုဏ်ပြုမှတ်တမ်းတစ်ခုဖြစ်ပါတယ်။ နွေအပူရှိန်ကြားမှာလွင့်ပျံ့နေတဲ့ နိုင်ငံတော်အလံကိုကြည့်နေမိစဉ် အမိတိုင်းပြည်ငြိမ်းချမ်းသာယာစေဖို့ရာ တပ်မတော်နဲ့ပြည်သူတစ်သားတည်းရှိနေတယ်ဆိုတဲ့ ရသတစ်မျိုးကိုခံစားရပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအားတိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

(၈၁)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုကဗျာ

## တပ်မတော်သည်

- နိုင်ငံ့ရေးရာ၊ ဘယ်သောခါမှ
  သစ္စာမဖောက်၊ မယွင်းမှောက်။
- ပြည်သူပြည်သား၊ ကိုယ့်သွေးသားဟု
  လေးစားချစ်ကြည်၊ ကောင်းကျိုးရည်။
- လူမျိုးနိုင်ငံ၊ စောင့်ရှောက်ရန်တွက်
  မာန် ဖွဲ့ သတ္တိ၊ အပြည့်ရှိ။
- နိုင်ငံလူမျိုး၊ ဂုဏ်မညှိုးဖို့
  ကြိုးပမ်းဆောင်ရွက်၊ စဉ်မပျက်။
- ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား
  တန်ဖိုးထားကာ
  သုံးပါးအရေး၊ ကာကွယ်ပေးလျက်
  လေးချက်သစ္စာ၊ စောင့်ထိန်းပါမည်
  ခန္ဓာခိုင်ကျည် တည်သရွေ့။ ။

မျိုးမြတ်မြတ်မြင့်မောင်

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၃-၂၀၂၆ (တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှားအားကစား
၃။ ၀၈:၃၀ မောင်မယ်လေးများသိစေချင်
၄။ ၀၉:၄၅ တွေးမယ်ဖြေမယ်
၅။ ၁၀:၁၀ ကမ္ဘာ့ရေးရာမှတ်သားစရာ
၆။ ၁၁:၂၅ တစ်ချိန်ကသူတို့အကြောင်း
၇။ ၁၂:၁၅ လေးစားအတုယူစံနမူနာသူရဲကောင်းများ
၈။ ၁၃:၁၅ တစ်ပတ်အတွင်းထိပ်တန်းရောက်
ကမ္ဘာ့သတင်းသုံးသပ်ချက်
၉။ ၁၅:၃၀ ပန်းပေါင်းစုံစွာအနုပညာ
၁၀။ ၁၉:၀၀ (၈၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း
**သစ္စာမျိုးဆက်(သတ္တမပိုင်း)**
သရုပ်ဆောင်- ခန့်စည်သူ၊ အောင်ပိုင်၊
ဆုပန်ထွာ၊ မုဏ်း
ဒါရိုက်တာ- အကယ်ဒမီတင်အောင်စိုး
(ပန်းမြို့တော်)

---

## MWD Variety Channel

၂၃-၃-၂၀၂၆ (တနင်္လာနေ့)

၁။ ၀၉:၂၀ သတိမမူ ဂူမမြင်
၂။ ၁၂:၂၀ Knowledge Note
၃။ ၁၆:၃၀ စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ
၄။ ၂၁:၀၀ ကမ္ဘာ့မိုးလေဝသနေ့မှတ်တမ်းအစီအစဉ်
၅။ ၁၉:၀၀ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းအစီအစဉ်

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်တာခရီး မြစ်တစ်စင်းမှစီးဆင်းဖန်တီးမည့် တောက်ပသောအနာဂတ်သို့

နှင်းမြတ်သူ(ယဉ်ကျေးမှု)

မြစ်တစ်စင်းသည် ၎င်း၏နယ်နိမိတ်ကိုကန့်သတ်ချက် မထားရှိပါ။ မြစ်တစ်စင်းသည် နိုင်ငံများရေးရာ အခေါ်အဝေါ်များ၊ သတ်မှတ်ချက်များ၊ နယ်စပ်မျဉ်းများကို ကျော်လွှားကာ စီးဆင်းရာဒေသတစ်ခုလုံး၏ လူနေမှုဘဝ၊ ယဉ်ကျေးမှုနှင့် သမိုင်းတို့ကို ချိတ်ဆက်ပေးလာခဲ့သော အသက်ရှင်သန်လျက်ရှိသည့် သဘာဝအမွေအနှစ်တစ်ရပ်ဖြစ်သည်။

မဲခေါင်မြစ်သည် အရှေ့တောင်အာရှဒေသ၏ သဘာဝသွေးကြောတစ်စင်းအဖြစ် ရာစုနှစ်များစွာကြာ မြစ်ဝှမ်းဒေသတစ်လျှောက်နှင့် ပတ်ဝန်းကျင်ရှိနေထိုင်သူများ၏ လူနေမှုဘဝ၊ ယဉ်ကျေးမှုနှင့် စီးပွားရေးတို့ကို ကူးလူးဆက်နွယ်ပေးလာခဲ့သည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် မဲခေါင်မြစ်ဟုခေါ်တွင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ လန်ချန်းမြစ်ဟုခေါ်တွင်သည့် မဲခေါင်-လန်ချန်းမြစ်သည် မိုင်ပေါင်း ၂၇၀၀ ကျော် ရှည်လျားပြီး ကမ္ဘာ့ ၁၂ ခုမြောက် အရှည်ဆုံးမြစ်လည်းဖြစ်သည်။ အဆိုပါမြစ်ကိုအခြေခံ၍ စတင်တည်ထောင်ခဲ့သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong–Lancang Cooperation – MLC) သည် ယနေ့တွင် ဆယ်စုနှစ်တစ်ခုကို ကျော်ဖြတ်လာခဲ့ပြီဖြစ်သည်။

**စတင်တည်ထောင်ပုံ**

၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဆန်းယမြို့၌ "Shared River, Shared Future" ခေါင်းစဉ်ဖြင့်ကျင်းပခဲ့သော ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးတွင် ဆန်းယကြေညာစာတမ်း (Sanya Declaration)ကို ထုတ်ပြန်ကြေညာပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တရားဝင် စတင်ထူထောင်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို ချိတ်ဆက်ပေးထားသည့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာတစ်ရပ်ဖြစ်ပြီး "community with a shared future of peace and prosperity" "ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု"ကို အခြေခံအယူအဆအဖြစ် ချမှတ်ထားသည်။ ဆယ်စုနှစ်တစ်ခုအတွင်း အဆိုပါအယူအဆသည် စာရွက်စာတမ်းများပေါ်ရှိ ထုတ်ပြန်ချက်များမှတစ်ဆင့် လက်တွေ့အသုံးချနိုင်ပြီး ထိရောက်မှုရှိသောလုပ်ငန်းစဉ်များ (လက်တွေ့လုပ်ငန်းများ)အဖြစ်သို့ အရှိန်အဟုန်ဖြင့် ပြောင်းလဲလာခဲ့သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ရေရှည်တည်တံ့ခိုင်မြဲသောလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရန်၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များအားလျှော့ချရန်နှင့် ၎င်း၏အဖွဲ့ဝင် ခြောက်နိုင်ငံတို့အကြား သာယာဝပြောရေးကိုမြှင့်တင်ရန် ရည်ရွယ်သည်။ နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုဖလှယ်ရေး စသည့်မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အတူတကွမျှဝေထားသော အနာဂတ်အသိုက်အဝန်းကိုတည်ဆောက်ရန် မျှော်မှန်းထားကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အခြေခံမူဘောင်ကို အများသဘောတူညီမှု (consensus)၊ တန်းတူရည်တူရှိမှု(equality)၊ အပြန်အလှန်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်မှု (mutual consultation and coordination)၊ မိမိစေတနာဆန္ဒအလျောက်ပါဝင်မှု (voluntarism)၊ ပံ့ပိုးကူညီမှုနှင့် မျှဝေခံစားမှု (common contribution and shared benefits) ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကိုလေးစားလိုက်နာမှု(respect for the United Nations Charter and international laws) တို့ဖြင့်လမ်းညွှန်ထားသည်။

ထို့ပြင် အဆိုပါ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သော (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် Mr. Li Keqiang ၏စတင်အဆိုပြုချက်အရ မဲခေါင်ဒေသအတွင်းဖွံ့ဖြိုးမှုကွာဟချက်လျှော့ချရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်လျက် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစပျိုးသည့်နေရာဟုပင်မှတ်ယူနိုင်သည်။




မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ အဓိကအောင်မြင်မှုများအနက် တစ်ခုမှာ ဒေသခံပြည်သူများ၏ လူနေမှုဘဝကို တိုက်ရိုက်ထိတွေ့စေခဲ့သည့် စီမံကိန်းများပင်ဖြစ်သည်။ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှဆောင်ရွက်ခဲ့သည့် စီမံကိန်းများသည် မဲခေါင်မြစ်ဝှမ်းဒေသရှိ လူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုခဲ့သည်။

**မြန်မာနိုင်ငံ၏အခန်းကဏ္ဍ**

မြန်မာနိုင်ငံအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ပူးပေါင်းဆောင်ရွက်ရေးပလက်ဖောင်းတစ်ခုသာမက အတွေ့အကြုံများမျှဝေရန်၊ အကောင်းဆုံးအလေ့အကျင့်များကို လေ့လာသင်ယူရန် အရေးပါသောအခွင့်အလမ်းတစ်ရပ်လည်း ဖြစ်လာသည်။

ထို့ပြင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ပြည်သူလူထုအဆင့် ယဉ်ကျေးမှုနှင့် လူငယ်ဖလှယ်ရေးကိုပါ အရေးကြီးလုပ်ငန်းတစ်ရပ်အဖြစ်သတ်မှတ်ထားရှိသည်။ ယင်းသည် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုကို ရေရှည်တည်တံ့စေမည့် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ယင်းပူးပေါင်းဆောင်ရွက်မှု၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဆယ်စုနှစ်တစ်ခုအတွင်းရရှိခဲ့သည့် အတွေ့အကြုံများကို ပြန်လည်သုံးသပ်ကာ နောင်လာမည့် ပူးပေါင်းဆောင်ရွက်မှုလမ်းကြောင်းကို ပိုမိုတည်ငြိမ်ခိုင်မာစေရန် ကြိုးပမ်းရမည့်အချိန်အခါကောင်းလည်းဖြစ်သည်။

**ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်သည့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ**

ဆယ်စုနှစ်တစ်ခုအတွင်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းများသည် စာရင်းကိန်းဂဏန်းများထက် ဒေသခံပြည်သူများ၏ လူနေမှုဘဝကို တိုက်ရိုက်ထိတွေ့စေခဲ့သည်။

**❖ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ပထမဆယ်စုနှစ်အတွင်း နိုင်ငံများအကြား ယုံကြည်မှုနှင့်ချစ်ကြည်မှုကို တည်ဆောက်ပေးသည့်အပြင် အပြန်အလှန်အကျိုးပြုသော ပူးပေါင်းဆောင်ရွက်မှုများစွာကို အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့သော အရေးပါသည့် ဒေသတွင်းမိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး တစ်ရပ်အဖြစ် ထင်ရှားလာခဲ့ . . .**

မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် စီမံကိန်းစုစုပေါင်း ၁၃၂ ခုနှင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆ သန်းခန့် ရရှိခဲ့ပြီး စီမံကိန်းပေါင်း ၁၀၀ ကျော်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီးဖြစ်ကာ အဆိုပါစီမံကိန်းများအကောင်အထည်ဖော်မှုမှတစ်ဆင့် ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းပေါင်းစည်းရေးအပါအဝင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် တိုးတက်မှုများစွာကို ဖော်ဆောင်နိုင်ခဲ့သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ ထူးခြားချက်တစ်ရပ်မှာ အစိုးရအဆင့်ပူးပေါင်းဆောင်ရွက်မှုကိုသာမက လူထုအဆင့်ချိတ်ဆက်မှုကိုပါ အလေးထားခြင်းဖြစ်သည်။ ပညာရေး၊ သုတေသနနှင့် ယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်များမှတစ်ဆင့် မဲခေါင်ဒေသရှိ ပြည်သူများအကြား နားလည်မှုနှင့် ချစ်ကြည်ရေးကို တဖြည်းဖြည်းတည်ဆောက်လာခဲ့သည်။

မဲခေါင်-လန်ချန်းနိုင်ငံများအကြား ဆောင်ရွက်ခဲ့သော ယဉ်ကျေးမှုဖလှယ်ရေးလုပ်ငန်းအစီအစဉ်များသည် မတူကွဲပြားသည့်ယဉ်ကျေးမှုအမွေအနှစ်များကို အပြန်အလှန်လေးစားနားလည်စေပြီး ဒေသအတွင်း အတူတကွဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဓာတ်အခြေခံကို ခိုင်မာစေခဲ့သည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ အတွေ့အကြုံနှင့်ရရှိခဲ့သောအကျိုးကျေးဇူးများ**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် Workshop on Heritage Sites Management in Mekong – Lancang Countries (2017) စီမံကိန်းကို မြန်မာနိုင်ငံ ပုဂံတွင် ၁၈.၂.၂၀၁၉ ရက်နေ့မှ ၂၂.၂.၂၀၁၉ ရက်အထိ စီမံကိန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၆၁၃၀၀ ဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှလည်းကောင်း၊ Lancang–Mekong Cultural Exchange Youth Camp (2017) စီမံကိန်းကို မန္တလေးမြို့တွင် ၂၇.၁.၂၀၁၉ ရက်နေ့မှ ၃၁.၁.၂၀၁၉ ရက်နေ့အထိ စီမံကိန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀၈၆၀၀ ဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှလည်းကောင်း၊ Puppet Festival of Lancang – Mekong (2020) စီမံကိန်းကို မန္တလေးမြို့တွင် ၃၀.၃.၂၀၂၂ ရက်နေ့မှ ၃၁.၃.၂၀၂၂ ရက်နေ့အထိ ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁၉၂၅၀၀ ဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှလည်းကောင်း၊ National Landmark Sculpturing & Painting Youth Camp for LMC Fine Arts Students (2021) စီမံကိန်းကို မန္တလေးမြို့တွင် ၂၉.၁.၂၀၂၃ ရက်နေ့မှ ၃၀.၁.၂၀၂၃ ရက်နေ့အထိ စီမံကိန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၆၆၃၀၀ ဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှလည်းကောင်း၊ Mekong – Lancang Traditional Dances Festival (2021)ကို နေပြည်တော်တွင် ၁၉.၁.၂၀၂၃ ရက်နေ့တွင် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၂၇၇၄၀၀ ဖြင့် အနုပညာဦးစီးဌာနမှလည်းကောင်း၊ Building Network on Preservation and Conservation of Literary Heritage among Lancang – Mekong Area, Especially Rare Materials in Libraries (2022) စီမံကိန်းကို နေပြည်တော်တွင် စီမံကိန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄၉၁၀၀ ဖြင့် ၂၅.၇.၂၀၂၃ ရက်နေ့တွင် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှလည်းကောင်း၊ Mekong – Lancang Cultural Activity 2024 in Myanmar (2024) ကို ပုဂံတွင် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၂၂၁၀၀ ဖြင့် ၂၂.၂.၂၀၂၅ ရက်နေ့မှ ၂၈.၂.၂၀၂၅ ရက်နေ့အထိ အမျိုးသားယဉ်ကျေးမှုနှင့်

**စာမျက်နှာ ၁၄ သို့ ◆**

◆ **စာမျက်နှာ ၁၃ မှအဆက်**

အနုပညာတက္ကသိုလ်(ရန်ကုန်)မှလည်းကောင်း ရရှိကာ အောင်မြင်စွာကျင်းပဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် Mekong–Lancang Heritage Preservation: Preserving Cultural Heritage, Showcasing Tradition, and Promoting Cultural Awareness of Communication (2025) စီမံကိန်းကို ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၃၈၄၀၀ ဖြင့် ရရှိထားပြီး ၂၀၂၆ ခုနှစ်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ပုဂံ၌အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ၂၀၁၇ ခုနှစ်မှစတင်၍ ယနေ့အထိ မဲခေါင်–လန်ချန်းစီမံကိန်းပေါင်းရှစ်ခုရရှိခဲ့ပြီး စီမံကိန်းခုနစ်ခုမှာ အောင်မြင်စွာ အကောင်အထည်ဖော်ပြီးစီးခဲ့ပြီဖြစ်ကာ စီမံကိန်းတစ်ခုမှာ ၂၀၂၆ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအတွက် ထောက်ပံ့သောရန်ပုံငွေမှာအမေရိကန်ဒေါ်လာစုစုပေါင်း ၁၂၁၅၇၀၀ (တစ်သန်းနှစ်သိန်းတစ်သောင်းငါးထောင့်ခုနစ်ရာဒေါ်လာ) ရှိပြီဖြစ်သည်။

အဆိုပါစီမံကိန်းများကို ဆောင်ရွက်ခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်နေရာဒေသများ၏ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေးစသည့် နည်းပညာပိုင်းဆိုင်ရာအတွေ့အကြုံများကို မဲခေါင်–လန်ချန်းနိုင်ငံများအကြားမျှဝေနိုင်ခြင်း၊ အမွေအနှစ်ဆိုင်ရာ အောင်မြင်သောစီမံခန့်ခွဲမှုပုံစံများကို လေ့လာကာ မိမိတို့နိုင်ငံတွင် လက်တွေ့အသုံးချနိုင်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရာတွင် သာမက ဒေသဆိုင်ရာငြိမ်းချမ်းရေး၊ ချိတ်ဆက်မှုနှင့် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အရေးပါစွာအထောက်အကူပြုနိုင်ခြင်း၊ ကျင်းပပြီးစီးခဲ့သော လူငယ်ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များသည်မဲခေါင်–လန်ချန်းနိုင်ငံလူငယ်များအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးကာ နားလည်မှုနှင့် မိတ်ဖက်ဆက်ဆံမှုတိုးမြှင့်လာခဲ့ခြင်း၊ အဖွဲ့ဝင်နိုင်ငံများ၏မတူကွဲပြားသော ယဉ်ကျေးမှုများ၊ ရိုးရာဓလေ့ထုံးစံများကို တိုက်ရိုက်လေ့လာခွင့်ရရှိခဲ့ခြင်းကြောင့် အပြန်အလှန် နားလည်မှုတိုးတက်စေခြင်း၊ ရိုးရာအနုပညာ၊ ဓလေ့ထုံးစံ၊ ဘာသာစကားနှင့် လူမှုယဉ်ကျေးမှုတန်ဖိုးများကို မျှဝေဖလှယ်နိုင်ခြင်း၊ ဒေသအသီးသီး၏ ရိုးရာအက/ရုပ်သေးပုံစံများကို စုစည်းတင်ဆက်နိုင်ခြင်းဖြင့် ဒေသတွင်းယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ခြင်း၊ လူငယ်မျိုးဆက်များအတွင်း ရိုးရာအနုပညာအပေါ် စိတ်ဝင်စားမှုတိုးတက်စေခြင်း၊ မဲခေါင်–လန်ချန်း နိုင်ငံများ၏ စာကြည့်တိုက်များနှင့် သုတေသနအဖွဲ့အစည်းများ အပြန်အလှန်ချိတ်ဆက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိခဲ့သည်။

အဆိုပါ ယဉ်ကျေးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံ၏အနာဂတ်ကိုထမ်းဆောင်မည့် လူငယ်များအကြား ယဉ်ကျေးမှုဖလှယ်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုကိုမြှင့်တင်ပေးသည့်အပြင် မဲခေါင်–လန်ချန်းဒေသ၏ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများအတွက် အခြေခံခိုင်မာသော ဆက်သွယ်ရေးတံတားတစ်ရပ်အဖြစ် အရေးပါသောအခန်းကဏ္ဍကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင်ရိုးရာအနုပညာအမွေအနှစ်များကိုထိန်းသိမ်းဖော်ထုတ်ရာတွင်သာမက မဲခေါင်–လန်ချန်းဒေသ၏ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမျိုးချင်းနားလည်မှုတိုးတက်ရေးအတွက် အရေးပါသည့် အခမ်းအနားများအဖြစ်လည်းကောင်း၊ စာပေအမွေအနှစ်များ၏ ရေရှည်ထိန်းသိမ်းကာကွယ်ရေးကိုသာမက မဲခေါင် –လန်ချန်းဒေသအတွင်း ပညာရေး၊ သုတေသနနှင့် ယဉ်ကျေးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးအတွက် အရေးပါသောအခြေခံကွန်ရက်များအဖြစ်လည်းကောင်း တည်ဆောက်ပေးလျက်ရှိသည်။

အဆိုပါလှုပ်ရှားမှုများသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ရာတွင်သာမက မဲခေါင်–လန်ချန်းဒေသအတွင်း ချစ်ကြည်ရေး၊ နားလည်မှုနှင့် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်ပေးသည့် အရေးပါသောပူးပေါင်းဆောင်ရွက်မှုများပင်ဖြစ်သည်။

**အချိန်အခါကောင်း**

ဆယ်စုနှစ်တစ်ခု ပြည့်မြောက်လာသည့် ယနေ့ကာလတွင် မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် အောင်မြင်မှုများကို ပြန်လည်သုံးသပ်ရန်သာမက နောင်လာမည့်အနာဂတ်ကို ပိုမိုကောင်းမွန်အောင် မည်ကဲ့သို့ဖော်ဆောင်သွားမည်ဆိုသည့် မျှော်မှန်းချက်ကိုလည်း ရှာဖွေနိုင်မည့်အချိန်အခါကောင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝအရင်းအမြစ်များအပေါ်တွင် တိုးမြင့်လာသော ဖိအားများကြောင့် မဲခေါင်မြစ်ဝှမ်းဒေသအတွက် “ပူးပေါင်းဆောင်ရွက်မှု၏အရေးပါမှု”သည် ပိုမိုမြင့်မားလာလျက်ရှိသည်။

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ပထမဆယ်စုနှစ်အတွင်း နိုင်ငံများအကြား ယုံကြည်မှုနှင့် ချစ်ကြည်မှုကို တည်ဆောက်ပေးသည့်အပြင် အပြန်အလှန်အကျိုးပြုသော ပူးပေါင်းဆောင်ရွက်မှုများစွာကို အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့သော အရေးပါသည့် ဒေသတွင်းမိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးတစ်ရပ်အဖြစ် ထင်ရှားလာခဲ့သည်။

သို့ဖြစ်ပါ၍ ယုံကြည်မှု၊ ချစ်ကြည်မှုနှင့် အပြန်အလှန်အကျိုးပြုမှုတို့ကို အခြေခံထားသည့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မဲခေါင်မြစ်၏ စီးဆင်းမှုသကဲ့သို့ပင် အတားအဆီးများကိုကျော်လွှားကာ ဒေသအတွင်းပူးပေါင်းဆောင်ရွက်မှုကိုပိုမိုခိုင်မာတိုးတက်စေပြီး ဒေသတစ်ရပ်လုံး၏အနာဂတ်ကို ပိုမိုတောက်ပစေမည့် အရေးပါသောမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်သွားမည်ဟု ယုံကြည်ပါကြောင်းနှင့် မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု ဆယ်စုနှစ်တစ်ခုမှသည် ရာစုနှစ်များစွာတိုင် ခိုင်မာရှင်သန်ပါစေကြောင်းဆန္ဒပြုကာ မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့်မြောက်သော နှစ်ပတ်လည်နေ့အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# မြစ်သားမြို့နယ်၌ မိုးကြိုချည်မျှင်ရှည်ဝါ ၂၁၂၅ ဧက လျာထားစိုက်ပျိုး

**မြစ်သား မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ရေရရှိရေးနည်းလမ်းများအလိုက် နွေသီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် မိုးကြိုသီးနှံချည်မျှင်ရှည်ဝါ ၂၁၂၅ ဧကလျာထားစိုက်ပျိုးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ယခုနှစ် မိုးကြိုစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း တောင်သူများကို အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ချည်မျှင်ရှည်ဝါစိုက်ခင်းများဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှား ရောဂါကြိုတင်ကာကွယ်ရေး၊ အရည်အသွေးကောင်းသီးနှံများ ထွက်ရှိရေးအတွက် အသိပညာပေးခြင်းများကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

မိုးကြိုသီးနှံချည်မျှင်ရှည်ဝါအထွက်နှုန်းများတိုးတက်စေရန်နှင့် အရည်အသွေးကောင်းမွန်စေရန်အတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်စေရန်နှင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးသည့်တောင်သူများအတွက် လိုအပ်သည့်စိုက်ပျိုးရေးသွင်းအားစုများ ထည့်သွင်းခြင်းဖြင့် အထွက်နှုန်းကောင်းမွန်မည်ဖြစ်ကြောင်း မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။

ဝါဝါမြင့်(မြစ်သား)



# နွေရာသီအခြေခံပန်းချီရေးဆွဲနည်း သင်တန်းဖွင့်လှစ်

**နေပြည်တော် မတ် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်အတွင်း၌ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသားလူငယ်များ အသိပညာ ဗဟုသုတတိုးပွားစေရန်နှင့် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်စေရန်အတွက် နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို မတ်လ ၂၁ ရက်တွင် ကျင်းပသည်။

ရေးဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ ဝါသနာကိုအကောင်အထည်ဖော်နိုင်စေရန်၊ မိမိတို့အားလပ်ချိန်များတွင် အတတ်ပညာတစ်ခုခုကို လေ့လာမှတ်သားခွင့်ရရှိသည့်အတွက် များစွာအကျိုးရှိကြောင်းနှင့် ပန်းချီဆွဲခြင်းသည် ကလေးများ၏ စိတ်ကူးစိတ်သန်းများကို လွတ်လပ်စွာဖော်ထုတ်နိုင်သည့် အကျိုးကျေးဇူးများရရှိကြောင်းပြောကြားသည်။

အဆိုပါ နွေရာသီပန်းချီရေးဆွဲနည်းသင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၅၀ ဦးတက်ရောက်ကြပြီး သင်တန်းဆရာကာတွန်းအိမောင်က အခြေခံပန်းချီပညာများဖြစ်သည့် မျဉ်းကွေး၊ မျဉ်းမတ်၊ မျဉ်းစောင်း၊ စက်ဝိုင်းတို့၏ သဘောတရားများနှင့် အရောင်အနု/အရင့်ရွေးချယ်ခြင်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

(၄၀၂)

## တောမီးလောင်မှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှုမရှိစေရေးအတွက် အောက်ပါတို့ကိုလိုက်နာရန်–

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်းမပြုလုပ်ရန်။

(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်။

(ဂ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်။

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်။

(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့်တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်–

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။



တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ မယ်ဆိုင်ချောင်းဘေးရှိ မြေထိန်းနံရံတည်ဆောက်နေသည့်နေရာ၌ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကိုတွေ့ရစဉ်။

တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ မယ်ဆိုင်ချောင်းဘေး၌ ငွေကျပ် ၂ ဒသမ ၀၈ ဘီလီယံခန့်တန်ဖိုးရှိ အိုက်စ် ၂၆၀ ကီလိုဂရမ်ခန့် ဖမ်းဆီးရမိခဲ့သည့်နေရာပြပုံ




◆ **ကျောဖုံးမှအဆက်**

တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို နိုင်ငံအတွင်းရှိ ရနိုင်သမျှသော စွမ်းအားစု၊ အရင်းအမြစ်များအသုံးပြုပြီး ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၂ နာရီ ၃၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ မယ်ဆိုင်ချောင်းဘေးရှိ မြေထိန်းနံရံတည်ဆောက်နေသည့်နေရာ၌ မသင်္ကာဖွယ်ရာလူတစ်စု အနက်ရောင်အိတ်များအား မြေထိန်းနံရံကိုကျော်၍ ကြိုးဖြင့်ချိတ်ဆွဲချကာ မယ်ဆိုင်ချောင်းကိုဖြတ်၍ ထိုင်းနိုင်ငံဘက်သို့ပို့ရန် ဆောင်ရွက်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရှာဖွေရာ စိုင်းမောင်ဝမ်း (ခ)ဝမ်းဝမ်းနှင့်အတူ အိတ်အနက်ရောင်ဖြင့် တစ်ထပ်၊ ဆာလာအိတ်အစင်းကျားဖြင့်တစ်ထပ်၊ Golden Leaf စာတန်းပါ ရွှေအိုရောင်/အဖြူရောင်/ခဲရောင်အိတ်များဖြင့် တစ်ထပ်၊ ၉၉၉ ပလတ်စတစ်အကြည်ရောင်ဖြင့်တစ်ထပ် ထုပ်ပိုးထားသည့် အိတ် ၁ လုံးလျှင် အထုပ် ၂၀ နှုန်းဖြင့် အိုက်စ် ၂၀ ကီလိုဂရမ်ခန့်ပါ အိတ် ၁၃ လုံးအတွင်းမှ အိုက်စ် ၂၆၀ ကီလိုဂရမ်ခန့် (ခန့်မှန်းငွေကျပ် ၂ ဒသမ ၀၈ ဘီလီယံခန့်) တန်ဖိုးရှိ မူးယစ်ဆေးဝါး(အိုက်စ်)များအား ဖမ်းဆီးရမိခဲ့သည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိတရားခံအား ဥပဒေအရထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံပြီး အမှုဖွင့်ဆောင်ရွက်ထားရှိကာ ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်သည့်သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

လဲချားမြို့၊ ခိုဟိုင်းကျေးရွာအနီး တရားမဝင် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူ ပြည်ပနိုင်ငံသားများအား ဖမ်းဆီးရမိသည့်နေရာပြပုံ






၂၀-၃-၂၀၂၆ ရက်တွင် လဲချားမြို့နယ်၊ ကောင်းစံကျေးရွာအနီး သိမ်းဆည်းရမိခဲ့သည့် တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ယာယီအဆောက်အအုံများအား စနစ်တကျမီးရှို့ဖျက်ဆီးခဲ့မှုကို တွေ့မြင်ရစဉ်။

● **လဲချားမြို့နယ်မှ**

တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်၊ ကောင်းစံကျေးရွာအနီးတစ်ဝိုက်တွင် နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် မတ်လ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် အဆိုပါကျေးရွာအနီးတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် လူနေအဆောက်အအုံများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့သည့်သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယနေ့တွင်လည်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲခန့်တွင် လဲချားမြို့နယ်၊ ခိုဟိုင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၅၀၀ ခန့်အကွာ၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၅ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မတ်လ ၂၀ ရက်တွင် ကောင်းစံကျေးရွာအနီး သိမ်းဆည်းရမိခဲ့သည့် တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ယာယီအဆောက်အအုံများအား စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

## နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊စစ်သည်များ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုလေ့လာစဉ်။

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့၌ပြုလုပ်သည့် လက်တင်အမေရိကနှင့် ကာရေဘီယံနိုင်ငံများအဖွဲ့ချုပ် ထိပ်သီးအစည်းအဝေးတွင် လူလာက အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒကိုပြင်းထန်စွာဝေဖန်ပြီး အခြားနိုင်ငံများကို အမေရိကန်ကပိုင်ဆိုင်သည်ဟု ထင်မှတ်၍မရကြောင်းနှင့် ယခုလုပ်ဆောင်ချက်များသည် ဒီမိုကရေစီနည်းလမ်းကျခြင်း ရှိ၊ မရှိမေးခွန်းထုတ်ထားသည်။

အမေရိကန်သည် အတိတ်ကာလက ရွှေ၊ စိန်နှင့် သတ္တုရိုင်းများကို ထုတ်ယူခဲ့ပြီးနောက် ယခုအခါအရေးပါသော သတ္တုများနှင့် မြေရှားဒြပ်စင်များကို ပိုင်ဆိုင်လိုကာ တစ်ကျော့ပြန် ကိုလိုနီပြုလိုခြင်းဖြစ်သည်ဟု လူလာက သတိပေးထားကြောင်းသိရသည်။

**Ref: RT**

## ဗီယက်နမ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ စွမ်းအင်ဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးမည်

**ဟနွိုင်း၊ ပြည်တွင်းရေး**

ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်ချင်းသည် ရုရှားနိုင်ငံသို့ခရီးစဉ်အဖြစ် မတ်လ ၂၂ ရက်တွင်ထွက်ခွာသွားပြီး ယင်းခရီးစဉ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပါအဝင် သဘောတူညီချက်များကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရက ထုတ်ပြန်သည်။

မတ်လ ၂၂ ရက်မှ ၂၅ ရက်အထိ ကြာမြင့်မည့် ဝန်ကြီးချုပ်၏ခရီးစဉ်သည် အရှေ့အလယ်ပိုင်းစစ်ပွဲကြောင့် ကမ္ဘာ့လောင်စာဆီထောက်ပံ့မှုပြတ်တောက်နေချိန်တွင် ဗီယက်နမ်၏ အရန်လောင်စာဆီပမာဏကို မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဖေဖော်ဝါရီလနှောင်းပိုင်းတွင် စတင်သော အမေရိကန်-အစ္စရေးနှင့် အီရန်တို့ကြားစစ်ပွဲကြောင့် ဗီယက်နမ်တွင် Octane 95 နှင့် ဒီဇယ်ဈေးနှုန်းများသည် ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ မြင့်တက်လာသောကြောင့် အစိုးရကလောင်စာဆီရရှိရန်ကြိုးပမ်းလာခြင်းဖြစ်သည်။

**Ref: ST**

## ဘင်္ဂလားဒေ့ရှ်၌ ရထားနှင့်ဘတ်စကားတိုက်မိ လူ ၁၂ ဦး သေဆုံး



**ဒါကာ၊ မတော်တဆမှု**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူမီးလားခရိုင်ရှိ ရထားလမ်းကူးတစ်ခု၌ရထားနှင့်ဘတ်စကားတိုက်မိမှုဖြစ်ပွားရာ အနည်းဆုံး လူ ၁၂ ဦး သေဆုံးပြီး လူ ၂၀ ခန့် ဒဏ်ရာရရှိကြောင်း ဒေသခံရဲတပ်ဖွဲ့ကပြောသည်။

မတ်လ ၂၂ ရက်နံနက် ၃ နာရီဝန်းကျင်တွင် စစ်တကောင်းမြို့သို့ ဦးတည်မောင်းနှင်လာသော စာပို့ရထားတစ်စင်းသည် ဆဒါးတောင်ပိုင်း ဥပဇီလာရှိ ပါဒူအာဘာဇားဧရိယာ၌ ရထားလမ်းကိုဖြတ်ကူးနေသည့် ဘတ်စကားကိုဝင်တိုက်မိခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့များက အခင်းဖြစ်ပွားရာနေရာသို့ အပြေးအလွှားသွားရောက်ပြီး ဒဏ်ရာရရှိသူများကို ကူမီးလားဆေးကောလိပ်ဆေးရုံသို့ ပို့ဆောင်ပေးကြောင်း ရဲအရာရှိများက ဆိုသည်။

တာဝန်ရှိသူများသည် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများစတင်နေပြီဖြစ်ကာ စုံစမ်းစစ်ဆေးရေးကော်မတီအများအပြားကိုလည်း ဖွဲ့စည်းထားသည်ဟု ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါမတော်တဆမှုကြောင့် ဒါကာ-စစ်တကောင်း မီးရထားလမ်းကြောင်းတွင် ရထားပြေးဆွဲမှုများကို ခေတ္တရပ်ဆိုင်းခဲ့ရသော်လည်း ရထားလမ်းပေါ်ရှိအပျက်အစီးများကို ဖယ်ရှားရှင်းလင်းပြီးနောက်ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း ရထားလမ်းပိုင်းဆိုင်ရာ အရာရှိများ၏ထုတ်ပြန်ချက်အရသိရသည်။

**Ref: Xinhua**

## ဖိလစ်ပိုင်အစိုးရက ညစ်ညမ်းစက်သုံးဆီများကို ယာယီအသုံးပြုခွင့်ပြုထား

**မနီလာ၊ ပြည်တွင်းရေး**

အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် လောင်စာဆီအကျပ်အတည်းများဖြစ်ပေါ်နေချိန်တွင် ဖိလစ်ပိုင်နိုင်ငံသည် ဈေးနှုန်းသက်သာသော်လည်း ပိုမိုညစ်ညမ်းသည့် စက်သုံးဆီအမျိုးအစားကို ယာယီအသုံးပြုခွင့်ပေးလိုက်ကြောင်း သိရသည်။ သို့သော် ၂၀၁၅ ခုနှစ်နှင့် ယင်းမတိုင်မီထုတ်လုပ်သည့် မော်တော်ယာဉ်များ၊ ရိုးရာဂျစ်နီကားများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ရေကြောင်းပို့ဆောင်ရေး ကဏ္ဍများတွင်သာ Euro-II စံချိန်စက်သုံးဆီများကို အသုံးပြုခွင့်ပြုမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

အဆိုပါအစီအမံသည် စက်သုံးဆီပြတ်လပ်မှုမရှိစေရန်နှင့်သက်ဆိုင်ရာကဏ္ဍများအတွက် လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်ကာ ဆီကုမ္ပဏီများအနေဖြင့် Euro-II နှင့် Euro-IV ဆီများကို သီးခြားစီစနစ်တကျ သိုလှောင်ဖြန့်ဖြူးရန် ဝန်ကြီးဌာနကညွှန်ကြားထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၁၆ ခုနှစ်မှစ၍ သန့်စင်သော Euro-IV ဆီများကို ပြောင်းလဲအသုံးပြုသော်လည်း ပြီးခဲ့သည့်သီတင်းပတ်တွင် အမေရိကန်-အစ္စရေးနှင့် အီရန်တို့ကြားဖြစ်ပွားသည့်စစ်ပွဲကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများမြင့်တက်လာရာ ဖိလစ်ပိုင်၌ ဒီဇယ်ဈေးနှုန်းမှာ နှစ်ဆကျော်မြင့်တက်လာကြောင်းသိရသည်။


**Ref: ST**



# နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ) ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော်  မတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ် ၃ ရပ်ကွက် သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ) သက်တော် ၈၃ နှစ်၊ သိက္ခာ ၅၈ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ ၂၂-၃-၂၀၂၆၊ တနင်္ဂနွေနေ့၊ နံနက် ၂ နာရီ ၃၅မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **မြဝတီ**



**နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ အမှတ် ၃ ရပ်ကွက်၊ သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဝေပုလ္လ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း**

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ပန်းစွာကျေးရွာ၊ ခမည်းတော် ဦးချစ်ဖွယ် + မယ်တော် ဒေါ်လှရင်တို့က ၁၃၀၅ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၅ ခုနှစ်တွင် မြိုင်မြို့နယ်၊ ပန်းစွာကျေးရွာ၊ အရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တသုကတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၃၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်နေ့တွင် ပန်းစွာရွာ၊ သိမ်တော်ရာကျောင်းခဏ္ဍသိမ်၌ အရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တသုကတကို ဥပဇ္ဈာယ်ပြု၍ ပန်းစွာကျေးရွာ၊ ဦးလူဆန်း + ဒေါ်မယ်တင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ မဟာဓမ္မာရုံကျောင်းဆရာတော် ဘဒ္ဒန္တမာနိတနှင့် စာချဆရာတော်များ၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ပေတောအုတ်ကျောင်းဆရာတော် ဘဒ္ဒန္တသီလဝံသာဘိဝံသ၊ မိုးကုတ်မြို့၊ ကသည်းကမ္ဘာအေးကျောင်းဆရာတော် ဘဒ္ဒန္တကုလဝံသ၊ ဘဒ္ဒန္တဝေဒကာဘိဝံသ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇဓမ္မာစရိယဘွဲ့" ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည်ကျောက်မဲမြို့၊ သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက်၌ စာသင်သား ရဟန်း၊ သာမဏေများကို ပရိယတ္တိ စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ သံဃအဖွဲ့ အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း၊ သံဃသမ္မုတိရ သံဃကိုယ်စားလှယ်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနဝတ္တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရိယတ္တိဆေကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရကဆရာတော်ကြီးအား ၂၀၁၂ ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၃ နှစ်၊ သိက္ခာ ၅၈ ဝါအရ ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ (၂၂-၃-၂၀၂၆)၊ တနင်္ဂနွေနေ့၊ နံနက် ၂ နာရီ ၃၅ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

( က ) ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

( ခ ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့်ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရသတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင်မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့်လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

( င ) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

( စ ) လယ်ယာမြေကိုခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

( ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။


( ဇ ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

( ဈ ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

**(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊ ၁၃)**

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**




**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

**ရန်ကုန်လိပ်စာ**

အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။

**မန္တလေးလိပ်စာ**

ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။

## မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော်  မတ် ၂၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကိုစနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့်အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့်တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့်ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှစားသုံးရန်၊

(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ကာလိမြို့၌ ကွန်ပန်-ကွန်ခုံး အလွတ်တန်းဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ကာလိ မတ် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကာလိမြို့ အမှတ်(၄) ရပ်ကွက် ဘောလုံးအားကစားကွင်း၌ ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကွန်ပန်-ကွန်ခုံး အလွတ်တန်းဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကွင်းအတွင်း အားကစားသမားများ နေရာယူပြီးနောက် ကွန်ဟိန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ကွန်ပန်-ကွန်ခုံး အလွတ်တန်းဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအဖြစ် ကာလိ(A)အသင်းနှင့် လွိုင်ဖာ(A)အသင်းတို့ ယှဉ်ပြိုင်ကြပြီး ကာလိ(A)အသင်းက ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါ ကွန်ပန်-ကွန်ခုံး အလွတ်တန်းဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမဆု ငွေကျပ် သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်းနှင့် စတုတ္ထဆု ငွေကျပ် ငါးသိန်း ချီးမြှင့်မည်ဖြစ်ကြောင်း ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

စည်သူ(ပြန်/ဆက်)

# ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ ငလျင်ဘေးနှင့်မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

ပခုက္ကူ မတ် ၂၂

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးလှုပ်ခတ်မှုတစ်နှစ်ပြည့်အကြိုအထိမ်းအမှတ်လှုပ်ရှားမှုအဖြစ် ငလျင်ဘေးနှင့် မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ပခုက္ကူပညာရေးဒီဂရီကောလိပ် မဟာသရေစည်သူဦးဘခန်းမ၌ မတ်လ ၂၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်နုနုဝင်းက ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့်အချက်များ၊ ငလျင်ဘေးဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးအောင်က မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းများ၊ မီးလောင်စေသောအရာဝတ္ထုပစ္စည်းများ၊ အရေးပေါ်မီးငြိမ်းသတ်ပစ္စည်းများအသုံးပြုနည်းနှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးဟောပြောသည်။



အဆိုပါအသိပညာပေးဟောပြောပွဲတွင် ပခုက္ကူပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး၊ ဒုတိယကျောင်းအုပ်ကြီး ဒေါ်အမာရီနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြပြီး ငလျင်ဘေးနှင့် မီးဘေးဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ အရေးပေါ်မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# ဝါးခယ်မမြို့နယ်၌ ယခုနွေသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်



ဝါးခယ်မ မတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနွေသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောကြားချက်အရ သိရသည်။

ဝါးခယ်မမြို့နယ်၌ ယခုနွေသီးနှံစိုက်ပျိုးရာသီတွင် စပါး ၁၂၈၂၀၇ ဧကကို ယခုနှစ် ဇန်နဝါရီလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ၁၂၈၁၁၆ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများ လျာထားဧကထက်ကျော်လွန်စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ နွေစပါးစိုက်ပျိုးဖို့ စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေစိုက်ပျိုးတဲ့စပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့စိုက်ပျိုးရေးသွင်းအားစုတွေကိုလည်း ပံ့ပိုးပေးထားပါတယ်။ ဓာတ်မြေဩဇာတွေကိုလည်း စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိမှာ နွေစပါးတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေး ပြည့်မီရေးအတွက်ကိုလည်း ဆက်လက်ဆောင်ရွက်နေပါတယ်"ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ ဗျောက်သုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11၊ ထိုင်းဘေးကျား စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါစပါးအမျိုးအစားများသည် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့်အတွက် အဓိကထားစိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သုတကျော်

# မြောင်းမြမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီအတွက် စပါးလျာထားဧကအားလုံးစိုက်ပျိုးပြီးစီး

မြောင်းမြ မတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနွေသီးနှံစိုက်ပျိုးရာသီအတွက် စပါးလျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနွေသီးနှံစိုက်ပျိုးရာသီတွင်မြောင်းမြမြို့နယ်၌ စပါးဧက ၁၂၀၆၂၀ စိုက်ပျိုးရန်လျာထားပြီး ဇန်နဝါရီလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် လျာထားဧက အားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"မြောင်းမြမြို့နယ်မှာ နွေစပါးစိုက်ပျိုးဖို့ စပါးစတင်မစိုက်ပျိုးမီ အချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေစိုက်ပျိုးတဲ့ နွေစပါးတွေ အထွက်နှုန်းကောင်းမွန်စေဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကို ပံ့ပိုးပေးခဲ့ပါတယ်။ "ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဒေသခံတောင်သူများသည် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် နွေစပါးစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းခြင်း၊ အရည်အသွေးကောင်းခြင်း၊ စသည့်အကျိုးကျေးဇူးများစွာရှိသည့် စပါးအမျိုးအစားများကို ရွေးချယ်စိုက်ပျိုးထားကြောင်းသိရသည်။

သုတကျော်

# နေပြည်တော်

# ဇနုဖြူမြို့နယ်၌ နွေရာသီ မူလတန်းအဆင့်ယဉ်ကျေးလိမ္မာသင်တန်းနှင့် ပန်းဖွားသင်တန်းဖွင့်လှစ်

ဇနုဖြူ မတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဇနုဖြူမြို့နယ် ပညာရေးဌာနနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတို့ကြီးမှူး၍ နွေရာသီ မူလတန်းအဆင့်ယဉ်ကျေးလိမ္မာသင်တန်းနှင့် ပန်းဖွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၁ ရက်က အလမျိုးကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်း(အလမျိုး)၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အဖွင့်အမှာစကားပြောကြားသည်။


ယင်းနောက် အလှူရှင်များက ကျောင်းအုပ်ဆရာကြီးထံ အလှူငွေများပေးအပ်လှူဒါန်းပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ပညာရေးမှူး ဦးလှဌေး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

နွေရာသီ မူလတန်းအဆင့်ယဉ်ကျေးလိမ္မာသင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၁၀၃ ဦး၊ ပန်းဖွားသင်တန်းတွင် ကျောင်းသူ ၅၂ ဦးတက်ရောက်သင်ကြားကြကြောင်း၊ ယင်းသင်တန်းကို မတ်လ ၂၁ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# လီဗာပူးအသင်း နောက်ဆုံး ၁၀ ရာသီအတွင်း ပရီးမီးယားလိဂ်ရှုံးပွဲအများဆုံးဘောလုံးရာသီ မှတ်တမ်းဆိုးကို ပြန်လည်ရရှိ



လန်ဒန် မတ် ၂၂

လီဗာပူးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၁)အဖြစ်ကစားခဲ့သည့် ဘရိုက်တန်အသင်းနှင့် ပွဲစဉ်တွင် ၂ ဂိုး – ၁ ဂိုးဖြင့်ရှုံးနိမ့်ပြီးနောက် နောက်ဆုံး ဘောလုံးရာသီ ၁၀ ရာသီအတွင်း ရှုံးပွဲအများဆုံး ဘောလုံးရာသီမှတ်တမ်းဆိုးကို ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ဘရိုက်တန်အသင်းနှင့် ပွဲစဉ်၌ ကာကက်က ပွဲချိန် မိနစ် ၃၀ တွင် လီဗာပူးအသင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဘရိုက်တန်အသင်းမှ ဒန်နီဝဲလ်ဘတ်၏ပွဲချိန် ၁၅ မိနစ်နှင့် ပွဲချိန် ၅၆ မိနစ်တို့တွင် သွင်းယူခဲ့သည့် သွင်းဂိုးများဖြင့် ရှုံးနိမ့်ပြီးနောက် ယခုဘောလုံးရာသီတွင် ရှုံးပွဲ ၁၀ ပွဲအထိရှိလာပြီး နောက်ဆုံး ၁၀ ရာသီအတွင်း ရှုံးပွဲအများဆုံးဘောလုံးရာသီအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းနည်းပြ အာနီဆလော့သည် အသင်းကို ပြီးခဲ့သည့်ဘောလုံးရာသီက စတင်တာဝန်ယူကိုင်တွယ်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်ကောင်းများရယူနိုင်ခဲ့ကာ တစ်ရာသီစလုံး ရှုံးပွဲလေးပွဲသာရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီ၌ ၃၁ ပွဲကစားပြီးချိန်တွင်ပင် ရှုံးပွဲ ၁၀ ပွဲအထိ ရှိလာခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ၂၀၁၅–၂၀၁၆ ဘောလုံးရာသီက ရှုံးပွဲ ၁၀ ပွဲရှိခဲ့ပြီးနောက်ပိုင်း ၁၀ ရာသီအတွင်း ပထမဆုံးအကြိမ်အဖြစ် ရှုံးပွဲ ၁၀ ပွဲအထိ ရှိလာခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် နောက်ဆုံး ၁၀ ရာသီအတွင်း ရှုံးပွဲအများဆုံးဘောလုံးရာသီအဖြစ် ၂၀၂၁–၂၀၂၂ ဘောလုံးရာသီနှင့် ၂၀၂၂–၂၀၂၃ ဘောလုံးရာသီတို့တွင် ရှုံးပွဲကိုးပွဲရှိခဲ့ခြင်းဖြစ်ပြီး ယခုဘောလုံးရာသီတွင် ရာသီမကုန်ဆုံးမီ ရှုံးပွဲ ၁၀ ပွဲအထိ ရှိလာခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ဘရိုက်တန်အသင်းကို ရှုံးနိမ့်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၃၁ ပွဲကစားပြီးချိန်တွင် ရမှတ် ၄၉ မှတ်သာရရှိထားသည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရန် ရုန်းကန်ရမည့်အရေးနှင့်တွေ့ကြုံနေပြီး နည်းပြအာနီဆလော့၏ အနာဂတ်မှာလည်း ပိုမိုမရေမရာဖြစ်လာခဲ့ကြောင်း သိရသည်။

*Ref;Top Skills Sports UK*

# ရီးယဲလ်မက်ဒရစ်အသင်း၏ ဖေဖော်ဝါရီလ တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဗယ်လ်ဗာဒီဆွတ်ခူး

မက်ဒရစ် မတ် ၂၂

ရီးယဲလ်မက်ဒရစ်အသင်း၏ ဖေဖော်ဝါရီလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ကွင်းလယ်ကစားသမား ဗယ်လ်ဗာဒီက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဗယ်လ်ဗာဒီသည် ဖေဖော်ဝါရီလအတွင်း အသင်းနှင့်အတူ ကစားခဲ့သည့်ပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ကာ သွင်းဂိုးများသွင်းယူနိုင်ခဲ့ပြီးနောက် အသင်း၏ တစ်လတာအကောင်းဆုံးကစားသမားဆုကို အသင်းဖော်ဖြစ်သည့် ဗင်နီစီးဘက်စ်အားကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဗယ်လ်ဗာဒီသည် ဖေဖော်ဝါရီလအတွင်းကစားခဲ့သည့်ပွဲစဉ်များ၌ ဆိုစီဒက်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး၊ အိုဆာဆူနာအသင်းနှင့်ကစားသည့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ်၊ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘင်ဖီကာအသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်သည်အထိ ခြေစွမ်းပြနိုင်ပြီးနောက် အသင်း၏တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဗယ်လ်ဗာဒီသည် ယခုဘောလုံးရာသီ၌ ပြိုင်ပွဲစုံ ၄၇ ပွဲပါဝင်ကစားပြီးချိန်တွင် ကိုးဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှု ၁၂ ကြိမ်ပြုလုပ်ထားကြောင်း သိရသည်။

*Ref;Fabrizio Romano*

# မန်စီးတီးအသင်းက နည်းပြဂွါဒီယိုလာထွက်ခွာခဲ့ပါက နည်းပြသစ်အဖြစ် မာရက်စ်ကာကို ခန့်အပ်ရန်ပြင်ဆင်

မန်ချက်စတာ မတ် ၂၂

မန်စီးတီးအသင်းက ယခုဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာရန် နီးစပ်နေသည့် နည်းပြဂွါဒီယိုလာ၏နေရာ၌ နည်းပြသစ်အဖြစ် ချယ်လ်ဆီးအသင်းနည်းပြဟောင်း မာရက်စ်ကာကို ခန့်အပ်ရန်ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၅၅ နှစ်အရွယ် နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းကို ၂၀၁၆ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် အသင်းကို ဥရောပတွင် ထိပ်တန်းအသင်းတစ်သင်းအဖြစ် တည်ဆောက်ပေးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ဖလား၊ ပရီးမီးယားလိဂ်ဖလား၊ အက်ဖ်အေဖလား၊ ကာရာဘောင်းဖလားစသည့်ဆုဖလားများကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

မန်စီးတီးအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုသော်လည်း နည်းပြဂွါဒီယိုလာကိုယ်တိုင်က အသင်းမှထွက်ခွာလိုသည့်အတွက် သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုကို ငြင်းဆိုထားပြီး ရာသီအကုန်တွင် ထွက်ခွာရန်နီးစပ်နေခြင်းဖြစ်သည်။

နည်းပြမာရက်စ်ကာသည်လည်း မန်စီးတီးအသင်း၌ နည်းပြဂွါဒီယိုလာလက်အောက်တွင် လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဇွန်လက ချယ်လ်ဆီးအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ကာ အသင်းအနေဖြင့် ကလပ်ကမ္ဘာ့ဖလား ချန်ပီယံဆုဖလားဆွတ်ခူးနိုင်သည်အထိ အောင်မြင်မှုများရရှိခဲ့သော်လည်း အသင်းပိုင်ရှင် တော့ဒ်ဘိုလီနှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် ယခုဘောလုံးရာသီ ရာသီဝက်ကာလတွင် အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်ကြောင်း သိရသည်။

*Ref;Top Skills Sports UK*




# ပရီးမီးယားလိဂ်ကလပ်အသင်းများ ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုမရရှိသော်လည်း လာမည့်ဘောလုံးရာသီတွင် ငါးသင်းအထိ ဆက်လက်ပါဝင်ခွင့်ရရှိမည်

လန်ဒန် မတ် ၂၂

ပရီးမီးယားလိဂ်ကလပ်အသင်းများအနေဖြင့် ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုမရရှိသော်လည်း လာမည့်ဘောလုံးရာသီတွင် ကလပ်အသင်းငါးသင်းအထိ ဆက်လက်ပါဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများသည် ပြီးခဲ့သည့်နှစ်များက အောင်မြင်မှုရရှိခဲ့ပြီး ဥရောပဘောလုံးအဖွဲ့ချုပ် အဆင့်သတ်မှတ်ချက်(၁)နေရာ၌ ရပ်တည်ခဲ့သည့်အတွက် ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကလပ်အသင်းငါးသင်းအထိ ပါဝင်ခွင့်ရရှိခဲ့သည်။

သို့သော် ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ကလပ်အသင်းများအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ (၁၆)သင်းရှုံးထွက်အဆင့်သို့ ခြောက်သင်းစလုံး တက်ရောက်နိုင်ခဲ့ကြသော်လည်း ကွာတားဖိုင်နယ်အဆင့်သို့ လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်း နှစ်သင်းသာတက်ရောက်နိုင်ပြီးနောက် လာမည့်ဘောလုံးရာသီတွင် ကလပ်အသင်းတစ်သင်းလျှော့ချခံရမည့်အရေးနှင့် ရင်ဆိုင်ခဲ့သော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲတွင် အက်စ်တွန်ဗီလာအသင်းနှင့် နော့တင်ဟမ်အသင်း၊ ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲတွင် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ကွာတားဖိုင်နယ်အဆင့်တက်ရောက်ခဲ့မှုနှင့်အတူ ဥရောပအဆင့်သတ်မှတ်ချက်မှာ အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်နေခြင်းဖြစ်သည်။

လက်ရှိ ဥရောပအဆင့်သတ်မှတ်ချက်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသည် အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်နေဆဲဖြစ်ပြီး ရာသီအကုန်တွင် စပိန်လာလီဂါပြိုင်ပွဲကသာ ကျော်ဖြတ်နိုင်ဖွယ်ရှိနေသည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲအနေဖြင့် ရာသီအကုန်တွင် ဥရောပအဆင့်သတ်မှတ်ချက်(၂)နေရာကျဆင်းမည်ဆိုပါကလည်း သတ်မှတ်ချက်များအရ ချန်ပီယံလိဂ်ပြိုင်ပွဲသို့ အဆင့်(၁)နေရာမှ အဆင့်(၅)နေရာအထိ ငါးသင်းအနေဖြင့် ဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင်  မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို  အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့်  သဲများထားရှိရာတွင် မီးချိတ်သည် အရှယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေ့ါပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

**ပျောက်ဆုံးကြောင်း**
မစိမ့်စိမ့်(ဘ)ဦးဝင်းကြည် ၁၀/မဒန(နိုင်)၁၃၃၅၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၀၈၃၀၆၅၁

**ပျောက်ဆုံးကြောင်း**
ဇင်ဝင်းနိုင်(ဘ)ဦးဝင်းနိုင် ၁၂/ဒပန(နိုင်)၀၄၉၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နုနုထွေး(ဘ)ဦးအောင်မြ ၁၄/ကကထ(နိုင်)၁၅၂၈၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
စန္ဒာဦး(ဘ)ဦးမောင်ကျော် ၁၃/နဆန(နိုင်)၀၆၄၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မေသကြိန်(ဘ)ဦးလှဝင်း ၁၄/ဟသတ(နိုင်)၃၀၇၁၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ယွန်းဝတီ(ဘ)ဦးမြင့်အောင် ၁၂/ဥကတ(နိုင်)၂၀၅၁၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၉၃၇၁၅၀

**ပျောက်ဆုံးကြောင်း**
သုထက်(ဘ)ဦးသန်းစိုး ၁၂/စခန(နိုင်)၀၅၉၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၂၉၃၃၅

**ပျောက်ဆုံးကြောင်း**
မရှင့်ညှု(ဘ)ဦးပါစူ ၅/စတန(နိုင်)၀၃၀၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဖြိုးသူကို(ဘ)ဦးမြင့်ဆွေ ၁/မကန(နိုင်)၁၉၇၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 178535)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၀၁၄၂၅၂

**အမည်ပြောင်း**
ပဲခူးမြို့၊ B.B.S ကိုယ်ပိုင်အထက်တန်းကျောင်း၊ KG မှ အဘ ဦးကျော်ဆန်း၏ သမီး မနေခြည်ရွှန်းလဲ့ကျော်အား မရွှေပိုးအိဟု ပြောင်းလဲခေါ်ဆိုပါရန်။
မရွှေပိုးအိ

**ပျောက်ဆုံးကြောင်း**
မေဦးခင်(ဘ)ဦးဝေလင်းအောင် ၁၂/ဒဂမ(နိုင်)၀၅၃၄၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 127790)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အောင်ကိုဝင်း(ဘ)ဦးမြဆောင် ၁၃/ဟပန(နိုင်)၀၇၅၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 933856)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊  တပ်ကုန်းမြို့နေ မောင်ဖုန်းကျော်(ဘ)ဦးဝင်းထိန် ၉/တကန(နိုင်)၂၃၃၄၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 743622) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၄၂၀၇၇၅

**သစ်တောမှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
မြင့်မြတ်ခန့်(ဘ)ဦးကြည်လွင် ၇/ရတန(နိုင်)၂၀၅၉၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 476696)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
နန်းယု(ဘ)ဦးမောင်ကျော် ၁၃/ဟပန(နိုင်)၁၁၂၇၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကျော်မြင့်သူ(ဘ)ဦးကျော်စိန် ၁၂/စခန(နိုင်)၀၁၉၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နန်းအေးသက်(ဘ)စိုင်းစီးဏ ၁၃/လရန(နိုင်)၁၃၀၉၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၉၉၇၉၆၁၉

**ပျောက်ဆုံးကြောင်း**
ဆွမ်ခါဘောက်မိုင်(ဘ)ဦးဘရန်ဝေါမ် ၁/မစန(နိုင်)၀၆၅၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 713631)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နန်းလှိုင်(ဘ)ဦးကြံတိုင်းအောင် ၈/နမန(နိုင်)၁၂၆၄၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထက်နိုင်စိုး(ဘ)ကရင်ဘိုင် ၁၀/ပမန(နိုင်)၂၈၉၂၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၀၀၅၅၆

**ပျောက်ဆုံးကြောင်း**
မိမိငယ်(ဘ)နူရာမွတ် ၁၀/ပမန(နိုင်)၂၇၉၂၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၀၀၅၅၆

**သုံးဘီးမော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်ပျောက်လျှောက်ထားခြင်း**
သုံးဘီးမော်တော်ဆိုင်ကယ်အမှတ်၊ ၅ဟ-၅၉၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးထွေး ၁၀/သထန(နိုင်)၂၂၄၂၇၉ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
အမျိုးအမည် - Nifan-200
အမျိုးအစား - 3W(Truck Body)
က.ည.န၊ ခရိုင်ရုံး(သထုံ)

**ပျောက်ဆုံးကြောင်း**
ဝင်းမင်းထွန်း(ဘ)ဦးဘိုလေး ၅/မရန(နိုင်)၂၀၄၈၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၀၀၀၂၁၃

**ပျောက်ဆုံးကြောင်း**
မစန်းဝင်း(ဘ)ဦးနွဲ့ ၁၀/ကမရ(နိုင်)၁၂၃၉၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၉၉၉၉၄၂၄

**ပျောက်ဆုံးကြောင်း**
ကောင်းဝင့်ထယ်(ဘ)ဦးအောင်အောင် ၁၂/သကတ(နိုင်)၁၉၉၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 180792)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၉၉၉၉၄၂၄

**ပျောက်ဆုံးကြောင်း**
အောင်ထိုက်(ဘ)ဦးတင်ရွှေ ၇/သနပ(နိုင်)၀၉၁၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၄၈၂၇၆၀

သုတ-ရသ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အပြည့်ဆည်းပေးလျက်ရှိသော
မြဝတီ



- ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလမှစတင်ထုတ်ဝေခဲ့ပြီး (၇၄)နှစ်တိုင်တိုင် စဉ်ဆက်မပြတ်ထုတ်ဝေခဲ့သည့်မဂ္ဂဇင်း
- မြဝတီမဂ္ဂဇင်းသည် အလုပ်သမား၊ လယ်သမားနှင့် တပ်မတော်သားတို့၏ အကျိုးကို ကိုယ်စားပြုရပ်တည်လျက်ရှိသောမဂ္ဂဇင်း
- သုတ၊ ရသအတွက် ဝါရင့်ကလောင်ရှင်ကြီးများ၏ ဆောင်းပါးများအပြင် စာဆိုစစ်သည် ကလောင်ရှင်များနှင့် စာပေဝါသနာရှင်ကလောင်သစ်များကိုပါ မြေတောင်မြှောက်ပေးလျက်ရှိသည့်မဂ္ဂဇင်း
- မိမိနေအိမ်စာအုပ်စင်၌ ထာဝစဉ်ထားရှိသင့်သောမဂ္ဂဇင်း
- ရုပ်ရှင်၊ ဂီတ၊ သရုပ်ဆောင်မော်ဒယ်များ၏ မျက်နှာဖုံးဓာတ်ပုံများနှင့်အတူ အရောင်အသွေးစုံလင်စွာဖြင့် စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိပါသည်။
- ကဗျာ၊ ကာတွန်း၊ ဆန်းစစ်လေ့လာမြန်မာစာ၊ ဗုဒ္ဓစာပန်းချီ၊ ရသစာတမ်း၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဝတ္ထုတို၊ ဝတ္ထုရှည်တို့ကို သုတ-ရသစုံလင်စွာဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းထွက်ရှိနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Email: mwdliteraturehouse@gmail.com
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၉၀၇၅၅၉၆၈(စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄(ဖြန့်ချိရေး)
၀၉ ၂၅၇၃၇၈၄၉၅(အွန်လိုင်းဖြန့်ချိရေး)
၁၅၀၀ ကျပ်
မြဝတီစာပေတိုက်က ထုတ်ဝေသည်။

မိုးသောက်ပန်း ဂျာနယ်
ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းစိုပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကိုကောင်း၊ ကာတွန်းမောင်တင်ယုနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ ရဲဘော်မြသိန်း(ဟိုပုန်း)၊ လက်ပံနီ၊ နတ်မောက်ကြည်မြိုင်၊ နီဦးဇော်၊ တိုးဝေနှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၁၀-၃-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၃၀)၊ အမှတ်(၁၀)ထွက်ပြီ။



◆ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ◆


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO PORTLAND CEMENT
PRODUCT OF MEC EXPORT QUALITY
DOUBLE ELEPHANT PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
CEM-I 42.5N
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
SINCE 1986
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်း - ဖုန်း - ၀၉ - ၄၄၉၂၅ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်း - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

❖ **“ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည်မြတ်ရွှေအိုး” ဆိုသည့်အတိုင်း အသိပညာ၊ အတတ်ပညာများပြည့်ဝနေခြင်းသည် မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ ဘဝများအတွက်သာမက ပညာတတ်များပြည့်ဝသည့် နိုင်ငံတော်တစ်ခုအတွက်လည်း ကမ္ဘာ့အလယ်တွင်ဝင့်ထည်စေမည်ဖြစ် . . .**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင်ပြုလုပ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု(၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# အရှေ့အလယ်ပိုင်းဒေသတွင်ဖြစ်ပေါ်နေသည့် စစ်ရေးပဋိပက္ခကြောင့် မိမိတို့နိုင်ငံတွင် စက်သုံးဆီသုံးစွဲမှု အခက်အခဲမဖြစ်ပေါ်စေရေး ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်ချက်

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်လျက်ရှိသည့် စစ်ရေးပဋိပက္ခကြောင့် မိမိတို့နိုင်ငံအတွင်း စက်သုံးဆီသုံးစွဲမှု အခက်အခဲမဖြစ်ပေါ်စေရေး စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စောင့်ကြည့်၊ ကြပ်မတ်၊ ထိန်းကျောင်းမှုများဆောင်ရွက်လျက်ရှိပါသည်။

မတ်လ ၁၂ ရက်နေ့တွင် မော်တော်ယာဉ်များအတွက် Bar Code အား Scan ဖတ်ခြင်း၊ ဆိုင်ကယ်များအတွက် QR Code ထုတ်ပေးခြင်းစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တွေ့ကြုံရသည့်အခက်အခဲများအပေါ်တွင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူလူထုအနေဖြင့် နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

ယင်းသို့ဆောင်ရွက်နေစဉ်အတွင်း စက်သုံးဆီအရောင်းဆိုင်များသို့ ညွှန်ကြားချက်များထုတ်ပြန်ပြီး လိုက်နာဆောင်ရွက်ရန် စစ်ဆေးကြပ်မတ်လျက်ရှိပါသည်။

ပြည်သူလူထုအနေဖြင့် တိကျစွာတိုင်ကြားလာမှုများအပေါ်တွင် သက်ဆိုင်ရာအရောင်းဆိုင်များအား သွားရောက်စစ်ဆေးပြီး ရောင်းချခွင့်လိုင်စင်ပိတ်သိမ်းခဲ့ပါသည်။

စက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် ယာဉ်၏စက်စွမ်းအားအပေါ်မူတည်၍ တစ်ပတ်အတွင်း ဝယ်ယူခွင့်ရှိသည့်ပမာဏကိုသတ်မှတ်ပြီး တစ်ပတ်အတွင်း တစ်ကြိမ်တည်းဖြစ်စေ၊ အများဆုံး ၂ ကြိမ်ခွဲ၍ဖြစ်စေ ဝယ်ယူနိုင်မည့်စနစ်ကို Bar Code နှင့် QR Code စနစ်အတွင်းထည့်သွင်း၍ လာမည့်ရက်သတ္တပတ်အတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် စက်သုံးဆီဖူလုံမှု ရက် ၅၀ စာ သိုလှောင်ထားရှိပြီးဖြစ်သည့်အပြင် ပုံမှန်တင်သွင်းနေသည့်လမ်းကြောင်းများအပြင် အခြားလမ်းကြောင်းများမှလည်းတင်သွင်းနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ထားမှုများရှိပြီးဖြစ်သဖြင့် ပြည်သူလူထုအနေဖြင့် စိုးရိမ်ကြောင့်ကြ၍ ဝယ်ယူမှုမပြုလုပ်ခြင်း၊ စက်သုံးဆီရောင်းချခြင်းနှင့်စပ်လျဉ်း၍ မမှန်ကန်မှုများတွေ့ရှိရပါက သက်ဆိုင်ရာဖုန်းနံပါတ်များသို့ ဆက်သွယ်၍ တိကျစွာတိုင်ကြားမှုများ ပြုလုပ်ခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

## တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ မယ်ဆိုင်ချောင်းဘေး၌ ငွေကျပ် ၂ ဒသမ ၀၈ ဘီလီယံခန့် တန်ဖိုးရှိ အိုက်စ် ၂၆၀ ကီလိုဂရမ်ခန့် ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွှန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် **စာမျက်နှာ ၁၅ ကော်လံ ၁** ◆



တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ မယ်ဆိုင်ချောင်းဘေးရှိ မြေထိန်းနံရံတည်ဆောက်နေသည့်နေရာ၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိတရားခံအား တွေ့မြင်ရစဉ်။

## လဲချားမြို့နယ်၊ ခိုဟိုင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသည့် တရားမဝင် ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၂

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ နိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်စေရေးနှင့် အလုံးစုံပပျောက်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ **စာမျက်နှာ ၁၅ ကော်လံ ၁** ●



လဲချားမြို့နယ်၊ ခိုဟိုင်းကျေးရွာအနီး၌ဖမ်းဆီးရမိသည့် တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူ တရုတ်နိုင်ငံသားအမျိုးသား ၅ ဦးကို တွေ့ရစဉ်။

## K.I.P ဆိပ်ကမ်းသို့ TIRTASARI ဆီတင်သင်္ဘောကြီးဆိုက်ကပ် စားသုံးဆီနှင့်စက်မှုကုန်ကြမ်းများ စတင်ဖြန့်ဖြူး

စာ - ၈ သို့

## FIFA MFF U-15 Youth League 2026 ပြိုင်ပွဲ ခြေစစ်ပွဲများကျင်းပမည်

စာ - ၂၆ သို့